# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး
# (၁၃)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက် )

[ သောကြာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးရဲ့ (၁၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၅.၉၁) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့ (ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးရဲ့ (၁၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါ့မယ်။

ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ငြိမ်း၊ မကွေး(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစံထွန်း၊ ကချင်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာစိုးထွန်း၊ မန္တလေး(၁)၊ ကျန်းမာရေး။ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနိန်းခင်းပေါင်၊ ချင်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညိုထွန်း၊ ရခိုင်(၁၁)၊ နာရေးကိစ္စ။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးလှသိန်း၊ မကွေး(၃)၊ ကျန်းမာရေး။ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ထူး၊ တပ်မတော်၊ တာဝန်။ ဦးကျော်ထွန်းအောင်၊ ရခိုင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းတင့်၊ စစ်ကိုင်း(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောမြဝင်း၊ ကရင်(၁၁)၊ ကျန်းမာရေး။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျားမောင်၊ တနင်္သာရီ(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ဒင်(ခ)ဦးထေးရယ်၊ ကယား(၂)၊ ကျန်းမာရေး။ ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ဆေးစစ်ရန်။ ဦးစောတော်ပလဲ၊ ကရင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ကိုယ်တိုင် ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၇)ဦး၊ ယနေ့ ခွင့်ပန်ကြားထားသဖြင့် ခွင့်ပြုထားသူ(၂၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၁)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။

# ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြ ထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## နိုင်ငံတော်အစိုးရ၏ အောက်ခြေအဆင့် မြို့နယ်ရုံးများတွင် ဌာနအလိုက် နည်းလမ်းတကျ အလုပ်ခန့် ထားပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ယခု ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးထွန်းဇော်(ခ) ကိုပေါက် က နိုင်ငံတော်အစိုးရ၏ အောက်ခြေအဆင့် မြို့နယ်ရုံးများတွင် ဌာနအလိုက် နည်းလမ်းတကျ အလုပ်ခန့်ထားပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျား။ အားလုံး မင်္ဂလာပါလို့ နှုတ်ဆက်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို ပြီးခဲ့တဲ့ သတ္တမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးမှာ အစည်းအဝေး ကျင်းပနေစဉ်အတွင်း ဇူလိုင်လ ၉ ရက်နေ့မှာ ဥက္ကဋ္ဌကြီး မှတစ်ဆင့် တင်ပြမေးမြန်းခဲ့တာ ဖြစ်ပါတယ်။

အထူးသဖြင့် ဒီမေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ အောက်ခြေမြို့နယ်တွေမှာရှိတဲ့ ဥပဒေရုံးတွေမှာ ဝန်ထမ်းအင်အား လိုအပ်မှုအတွက် မေးမြန်းရခြင်းပဲ ဖြစ်ပါတယ်။ ဌာနတွေမှာ ကျန်းမာရေးကြောင့်ပဲဖြစ်စေ၊ ကွယ်လွန်သွား၍ပဲဖြစ်စေ၊ အသက်ပြည့်ပြီး ပင်စင်ယူသွားလို့ပဲဖြစ်စေ၊ ဖွဲ့စည်းပုံပဲရှိပြီးတော့ နေရာလစ်လပ်တာတွေ ရှိပါတယ်။ အဲဒါတွေကို အစားထိုးခန့်အပ်ခွင့် မရဘူးလို့ ဆိုပြီး ကြားသိရတဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်းပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ခုန ကျွန်တော်တင်ပြခဲ့သလိုပဲ သတ္တမအကြိမ်အပြီးမှာပဲ ကျွန်တော်တို့ ပဲခူးတိုင်းအတွက် ဥပဒေဝန်ထမ်း(၁၁)ဦး ခန့်ထားပေးကြောင်းနဲ့ မကြာသေးခင်ကပဲ ကျွန်တော်တို့ ပဲခူးတိုင်း အနောက်ခြမ်းမှာရှိတဲ့ လက်ပံတန်းမြို့နယ်နဲ့ အုတ်ဖိုမြို့နယ်မှာလည်း နောက်ထပ်(၂)ဦး ခန့်ထားပေးတယ်ဆိုတာ ကျွန်တော် သတင်းရရှိပါတယ်။ ဒါကြောင့်လည်း အစိုးရအဖွဲ့ကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

အဲဒီတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်း အနေနဲ့ကတော့ နိုင်ငံတော်အစိုးရရဲ့ အောက်ခြေအဆင့် မြို့နယ်ရုံးများတွင် ဌာနအလိုက် နည်းလမ်းတကျ အလုပ်ခန့်ထားပေးနိုင်ခြင်း ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၂)၊ ပြည်ထောင်စုဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၀။**

**ဦးစိုးမောင် (ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၂)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဇော်(ခ)ကိုပေါက်ရဲ့ ကြယ်ပွင့်ပြမေးခွန်း ဖြေကြားခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူပါကြောင်း ပဏာမ ပြောကြားလိုပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ နိုင်ငံတော်သမ္မတက ဌာနဆိုင်ရာများအား စီမံခန့်ခွဲရေးကိစ္စနဲ့ ပတ်သက်ပြီးတော့ အောက်ပါအတိုင်း လမ်းညွှန်ထားရှိပါတယ်။

(က) တိုင်းဒေသကြီး/ပြည်နယ်ဒေသအတွင်းရှိ ဌာနဆိုင်ရာများအား တိုင်းဒေသကြီး/ ပြည်နယ် အစိုးရများက စီမံခန့်ခွဲ လမ်းညွှန်ကြီးကြပ်စစ်ဆေးဆောင်ရွက်သွားရန်၊ (ခ) ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရများက စွမ်းဆောင်ရည် အကဲဖြတ်ချက် အစီရင်ခံစာများအား ပြုစု၍ ပြည်ထောင်စု အစိုးရ အဖွဲ့သို့ တင်ပြပြီး ပြည်ထောင်စုဝန်ကြီးဌာနများသို့ မိတ္တူပေးရန်၊ (ဂ) ပြည်ထောင်စုဝန်ကြီးဌာနများက ရာထူးတိုးမြှင့်ခြင်းနှင့် အပြောင်းအရွှေ့ စီမံရာတွင် ယင်းအကဲဖြတ်ချက်အပေါ် မူတည် ဆောင်ရွက်ရန် ပါပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၆ မှာ ကျွန်တော်တို့ ဌာနဆိုင်ရာ အဖွဲ့အစည်းများရဲ့ လုပ်ငန်းဆောင်ရွက်ချက်များနဲ့ စပ်လျဉ်းပြီးတော့ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးဌာနများနဲ့ ယင်းတို့၏လက်အောက် အစိုးရဌာနများ၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ ဖြစ်စေရန်လည်းကောင်း၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရန်လည်းကောင်း၊ စီမံခန့်ခွဲခြင်း၊ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းပြုရမည်။ (ခ) မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း တာဝန် ထမ်းဆောင်လျက်ရှိသော နယ်ဘက်ဝန်ထမ်း အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကိုလည်း ဥပဒေနဲ့အညီ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း ပြုနိုင်သည် ဟု ဖော်ပြထား ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၇ မှာ ဝန်ထမ်းအဖွဲ့အစည်းများနှင့် ဖွဲ့စည်းခြင်း၊ ခန့်အပ် ခြင်းနှင့် စပ်လျဉ်းပြီးတော့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရဟာ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပြည်ထောင်စုဥပဒေနှင့် အညီလည်းကောင်း၊ ပြည်ထောင်စုအစိုးရနဲ့ ကြိုတင်ညှိနှိုင်း၍ လည်းကောင်း၊ မိမိတာဝန်ယူ အကောင်အထည်ဖော်ရတဲ့ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဆိုင်ရာ နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်းများကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။ (ခ) လိုအပ်သော နယ်ဘက်ဝန်ထမ်းများကို ခန့်အပ်နိုင်သည်ဟု ဖော်ပြထားပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကိုယ်စားလှယ် တော်ကြီးရဲ့ မေးခွန်းပါ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ် ဥပဒေရုံးမှာ (ခ)အဆင့် သတ်မှတ်ထားပြီးတော့ ဖွဲ့စည်းပုံအရ ခွင့်ပြုအင်အားက အကြီးတန်းစာရေး(၁)ယောက်၊ အငယ်တန်း စာရေး(၁)ယောက်နှင့် ရုံးအကူ(၁)ယောက်တို့ ခန့်ခွင့်ရှိပါတယ်။ လက်ရှိ လစ်လပ်အင်အားစာရင်းမှာ အငယ်တန်းစာရေး(၁)ဦးသာ လစ်လပ်လျက်ရှိပါတယ်။ အကြီးတန်းစာရေးမှာ သက်ပြည့်အငြိမ်းစား ယူရန် ပြင်ဆင်ခွင့်(၄)လကို ၁၅-၄-၂၀၁၃ ရက်ကနေ ၁၄-၈-၂၀၁၃ ရက်အထိ ခံစားပြီး ရုံးအကူ ကလည်း ၁၆-၁-၂၀၁၃ ရက်ကနေပြီးတော့ ၁၅-၅-၂၀၁၃ ရက်နေ့ အထိ သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်(၄)လ ခံစားခဲ့ပါတယ်။

အဆိုပါ ဝန်ထမ်းများ သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်(၄)လ ခံစားနေချိန် မှာလည်း အစားထိုးခန့်အပ်ခွင့် မရှိတဲ့အတွက် ဆိုင်းငံ့ထားခဲ့ပြီး ဖြစ်တယ်။ ဒါပေမဲ့ ကျွန်တော်တို့ မောင်အောင်ကိုလတ် (ဘ) ဦးကိုဝင်း ကို ကျွန်တော်တို့ အငယ်တန်းစာရေးအဖြစ်နဲ့ ၃၀-၉-၂၀၁၃ ရက်နေ့မှာ ခန့်အပ်ပေးပြီး ဖြစ်ပါတယ်။ လက်ပံတန်းမြို့နယ် ဥပဒေရုံးကလည်း (ခ)အဆင့် သတ်မှတ်

ထားတာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအရ ခွင့်ပြုအင်အားကတော့ အကြီးတန်းစာရေး(၁)ဦး၊ အငယ်တန်းစာရေး(၁)ဦး၊ ရုံးအကူ(၁)ဦး ခန့်ခွင့်ရှိပါတယ်။ လက်ရှိလစ်လပ်နေတဲ့ စာရင်းမှာ အငယ်တန်းစာရေး (၁)ဦးသာ လစ်လပ်လျက်ရှိပါတယ်။ အကြီးတန်းစာရေးနဲ့ ရုံးအကူတို့ဟာ တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။

အစိုးရအဖွဲ့ရုံးရဲ့ ၁၇-၉-၂၀၀၉ ရက်စွဲပါ စာအမှတ်အရ ၁/၃၄၈(အုပ်ချုပ်)/အဖရ ၂၀၀၉ ဖြင့် ရုံးများမှာ စနစ်သစ်အရ e-Government System ဖွဲ့စည်းဆောင်ရွက်နေပြီ ဖြစ်တဲ့အတွက် ဝန်ထမ်းဖွဲ့စည်းပုံ ခွင့်ပြုအင်အားရဲ့ သုံးပုံနှစ်ပုံသာ ခန့်ထားခွင့်ရှိသဖြင့် သုံးပုံတစ်ပုံအင်အားကို လစ်လပ် ထားခဲ့ခြင်း ဖြစ်ပါတယ်။ အခုအခါမှာ ကျွန်တော်တို့ လက်ပံတန်းမြို့နယ် ဥပဒေရုံး မှာလည်းပဲ ၃၀-၉-၂၀၁၃ ရက်နေ့မှာ အဲဒီရုံးမှာ လုပ်အားပေးအနေနဲ့ မနော်အေးထွေး (ဘ) ဦးစောမြသန်း ကို အငယ်တန်းစာရေးအဖြစ် ခန့်အပ်ပေးခဲ့ပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့တွင် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ၊ ရေဆိုးထုတ်မြောင်းများ ပါဝင်သည့် မြို့ပြဖွံ့ဖြိုးရေး စီမံချက်များ (Town Plan) စနစ်တကျ ရေးဆွဲပြီးမှ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သာယာလှပရေးလုပ်ငန်းများ စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသော်ဇင်ဦး က မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့တွင် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ၊ ရေဆိုးထုတ်မြောင်းများ ပါဝင်သည့် မြို့ပြဖွံ့ဖြိုးရေး စီမံချက်များ စနစ်တကျ ရေးဆွဲပြီးမှ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သာယာလှပရေးလုပ်ငန်းများ စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသော်ဇင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့တွင် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ၊ ရေဆိုးထုတ်မြောင်းများ စနစ်တကျပါဝင်သော မြို့ပြဖွံ့ဖြိုးရေးစီမံချက်များ (Town Plan) များ ရေးဆွဲပြီး မြို့ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သာယာလှပရေးလုပ်ငန်းများကို စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပခုက္ကူမြို့ဟာ ဧရာဝတီမြစ်အနောက်ဘက်ကမ်းမှာတည်ရှိပြီး ခရိုင်ရုံးစိုက်ရာ မြို့ဖြစ်ပါတယ်။ ပခုက္ကူမြို့မှာ ရပ်ကွက်(၁၅)ရပ်ကွက်နှင့် ဖွဲ့စည်းထားရှိပြီး အိမ်ထောင်စု(၁၄၇၀၀) ကျော်၊ လူဦးရေ(၁၆၀၀၀၀)ကျော် နေထိုင်ကြပါတယ်။ စီးပွားရေး အချက်အချာကျတဲ့ မြို့ ဖြစ်ပြီး ဧရာဝတီမြစ်ကူးတံတား ဖွင့်လှစ်ပြီးတဲ့နောက် အထူးစည်ကားလှတဲ့ မြို့ကြီး ဖြစ်လာပါတယ်။ အဲဒီ မြို့ကြီးမှာရှိတဲ့ အဆင့်မမီတဲ့၊ စနစ်မကျတဲ့ ရေမြောင်းများကြောင့် မိုးတွင်းအခါမှာ ကျွန်တော်တို့ မြို့မှာ အလွန်တရာ အကျည်းတန်၊ အရုပ်ဆိုး ဖြစ်ရပါတယ်။ မိုးတွင်းအချိန်အခါ ရောက်လို့ရှိရင် မိုး သည်းသည်းမည်းမည်း (၁)နာရီလောက် ရွာချလိုက်ပြီဆိုလို့ရှိရင် ကျွန်တော်တို့ မြို့ရဲ့ မြို့လယ်ခေါင်မှာ ဖြစ်တဲ့ မြို့မလမ်းများနဲ့ လမ်းအတော်များများမှာ သွားလာလို့မရတော့လောက်အောင် ရေများ ဖုံးလွှမ်းပြီး ပြည့်လျှံနေပါတယ်။ မိုးတွင်း မိုးရွာချချိန်မှာဆိုလို့ရှိရင် မြို့ပေါ်ရပ်ကွက်များမှ မိုးရေများဟာ ပခုက္ကူမြို့ရဲ့ တောင်မှ မြောက်သို့ ဖောက်လုပ်ထားသော ထင်းတန်းလမ်း၊ သီတာလမ်း၊ မြိုင်လမ်း မကြီးများ မှတစ်ဆင့် မြို့မလမ်းပေါ်သို့ စီးဆင်းလာပြီး ၎င်းမှတစ်ဆင့် မြို့တွင်းလမ်းများမှ ဖြတ်သန်း စီးဆင်းပြီး ဧရာဝတီမြစ်ဘက်သို့ စီးဆင်းသွားရပါတယ်။ မိုးရွာပြီဆိုရင် မြို့မလမ်း၊ မြိုင်လမ်း၊ ဗိုလ်ချုပ်လမ်းစတဲ့ လမ်းမကြီးများမှာ သွားလာ၍မရလောက်အောင် ရေမြောင်းများအဖြစ် ပြောင်းသွား ပါတယ်။ မိုးရေများနှင့်အတူ မြို့ပေါ်မှာ ရပ်ကွက်များမှ အမှိုက်သရိုက်များ မျောပါလာပြီး လမ်းမကြီး များမှာ အမှိုက်များနှင့် ပြည့်လျှံနေပြီး ကတ္တရာလမ်းများမှာ ပျက်စီးရပါတယ်။ မိုးရေများဟာ ကတ္တရာ လမ်းများမှ ဖြတ်သန်းစီးဆင်းပြီး လမ်းများပေါ်မှာ ရေဝပ်ကျန်ခဲ့တဲ့အတွက် လမ်းမကြီးများပေါ်မှာ ချိုင့်ခွက်ကြီးများ ဖြစ်လာပြီး လမ်းများပျက်စီးရပါတယ်။ ၎င်း မိုးရေများမှာ လုံလောက်သော၊ စနစ်ကျ သော ရေနုတ်မြောင်းများ မရှိသဖြင့် လမ်းမများပေါ်မှ စီးဆင်းသွားပြီး လမ်းမများ ပျက်စီးခြင်း၊ မြို့ပေါ်ရပ်ကွက်များ၊ လူနေအိမ်များတွင် ရေဝင်ရောက်ခြင်း၊ စာသင်ကျောင်းများ၊ စာသင်ခန်းများသို့ ရေဝင်ရောက်သဖြင့် စာသင်ကြားရေး အခက်အခဲများ ဖြစ်ပေါ်ကြရပါတယ်။ မိုးအဆက်မပြတ်ရွာပါက မြို့မလမ်းမကြီးပေါ်မှာ ရေ(၃)(၄)ပေခန့် ပြည့်လျှံနေပြီး သွားလာရေး အလွန်အခက်အခဲများနှင့် ကြုံတွေ့ကြရပါတယ်။

၎င်းအပြင် ဧရာဝတီမြစ်ရေ တက်တဲ့ကာလများဖြစ်တဲ့ ဝါခေါင်၊ တော်သလင်းလတွေမှာ ရပ်ကွက်အတွင်းမှာ မြစ်ရေများ ဝင်ရောက်ခဲ့ပြီး ရေပြန်ကျသွားတဲ့အချိန်မှာ ပြန်လည် ရေကျဆင်း သွားခြင်းမရှိဘဲ ဧရာဝတီမြစ်ကမ်းအနီး ရပ်ကွက်များဖြစ်တဲ့ အမှတ်(၁၃)၊ အမှတ်(၁၄)ရပ်ကွက်များမှာ ၎င်းမြစ်ရေများ ဝင်ရောက်နေသည့် အခြေအနေအတိုင်း အချို့နေအိမ်များမှာဆိုလို့ရှိရင် သွားရေး၊ လာရေးအတွက် လှေများကို အသုံးပြုပြီး သွားလာကြရသည်မှာ (၂)လ၊ (၃)လခန့်အထိ ကြာမြင့်ကြရ ပါတယ်။ ၎င်းရေများ စီးထွက်ရန်အတွက်မှာ စနစ်ကျတဲ့ ရေနုတ်မြောင်းများ ဆောင်ရွက်ပေးမှသာ အဆင်ပြေကြမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ ပခုက္ကူမြို့တွင် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ၊ ရေဆိုးထုတ်မြောင်းများ ပါဝင်တဲ့ မြို့ပြဖွံ့ဖြိုးရေး စီမံချက် (Town Plan) စနစ် တကျရေးဆွဲပြီး ရေနုတ်မြောင်းများ၊ ရေဆိုးထုတ်မြောင်းများ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလမှာ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ပြည်သူများ ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၉။**

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄)မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး အမှတ်(၉)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသော်ဇင်ဦး မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။

၎င်းမေးခွန်းနဲ့ ပတ်သက်ပြီးတော့ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့မှာ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းနဲ့ ရေဆိုးထုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းများ ပါဝင်တဲ့ မြို့ပြဖွံ့ဖြိုးမှုစီမံချက် (Town Plan) ရေးဆွဲထားရှိသကဲ့သို့ ရေစီးရေလာကောင်းမွန်ရေးစီမံချက် (Drainage Plan) ကိုလည်း သီးခြားရေးဆွဲထားရှိပါတယ်။ အဆိုပါ စီမံချက်များအပေါ်မှာ အခြေခံပြီးတော့ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သာယာလှပရေး လုပ်ငန်းများနဲ့ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများအား မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးရေးနဲ့ အထောက်အကူပြုအဖွဲ့တို့ရဲ့ စီမံမှုနဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ပခုက္ကူမြို့ရဲ့ မြေမျက်နှာသွင်ပြင်ဟာ မြောက်ကနေ တောင်ကို စီးဆင်းတဲ့ ပြေပြစ်တဲ့ ဆင်ခြေလျှောဖြစ်ပြီးတော့ မြို့ပေါ်မှာ ထွက်ရှိတဲ့ ရေပို၊ ရေလျှံများကို ဧရာဝတီမြစ်၊ ရွှေချောင်းနဲ့ ဆင်ပေါက်လှချောင်းများအတွင်းကို အဓိကမြောင်းကြီး (၆)ခုနဲ့ စွန့်ထုတ်လျက်ရှိပါတယ်။ မိုးရွာသွန်းမှုများပါက ကုန်းမြင့်မှ စီးဆင်းလာတဲ့ ရေများဟာ မြို့မလမ်း၊ မြိုင်လမ်းဆုံ၊ အ.ထ.က(၂)မျက်နှာစာ တို့မှာ ရေလျှံတက်လေ့ ရှိပြီးတော့ မိုးရွာသွန်းမှုရပ်ဆိုင်းပြီးတဲ့ နာရီဝက်မှ တစ်နာရီအတွင်း ရေကျန်မရှိအောင် စီးဆင်းနိုင်ပါတယ်။ မိုးရွာသွန်းချိန်မှာ အဟန့်အတားမရှိဘဲနဲ့ ရေများပိုမိုလျင်မြန်စွာ စီးဆင်းနိုင်ရေးအတွက် ရေနဲ့အတူ ပါလာတဲ့ သဲ၊ ရွှံ့နွံများ၊ အမှိုက်များကို ရာသီမတိုင်မီမှာ မိုးရွာသွန်းပြီးတိုင်း ဆယ်တင်ဖယ်ရှားတဲ့ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ရေစီးရေလာ ကောင်းမွန်ရေးအတွက်ကို ၂၀၀၉-၂၀၁၀မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထိ အုတ်စီရေမြောင်း (၆၁၄၇)ပေ Box Culvert (၁၇)စင်း၊ ရေမြောင်းဆယ်ယူခြင်း (၂၉၄၉၈) ကုဗပေ တို့အား အဖွဲ့ ရန်ပုံငွေ (၂၁၆.၂၁၈)သန်းဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ မိုးအဆက်မပြတ်ရွာသွန်းချိန်မှာ မြို့တွင်း လမ်းမကြီးပေါ်မှာ ရေလျှံခြင်း မပြုစေရေးနဲ့ ဧရာဝတီမြစ်ရေ တက်ချိန်မှာ အမှတ်(၁၃)၊ အမှတ်(၁၄) ရပ်ကွက်များမှာ ရေများ တင်ကျန်မနေဘဲနဲ့ ရေစီးရေလာ ကောင်းမွန်ရေးအတွက်ကို လျာထားငွေ ကျပ် (၁၄၂.၆၃)သန်းနဲ့ မြေသားမြောင်းများ တူးဖော်ခြင်း၊ အုတ်ရေမြောင်းအဆင့်မြှင့်တင်ခြင်း၊ ရေထုတ်မြောင်းများ ပြုလုပ်ခြင်း၊ အုတ်ရေမြောင်းဖြတ် ကွန်ကရစ်တံတားများ

တည်ဆောက်ခြင်း၊ ဆင်ပေါက်လှချောင်းရိုးအား ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်သွားရန် စီစဉ်ထားရှိပါကြောင်းနဲ့ မြို့နယ်စည်ပင်သာယာရေး ကော်မတီရဲ့ အနီးကပ် စီမံကြီးကြပ်မှုနဲ့ ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေများ ရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရှေးဟောင်းအမွေအနှစ်ပြတိုက် (Museums) များသို့ နိုင်ငံသားများအား အခမဲ့ဝင်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် က ရှေးဟောင်းအမွေအနှစ်ပြတိုက် (Museums)များသို့ နိုင်ငံသားများအား အခမဲ့ဝင်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကြီးများအား မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှေးဟောင်းအမွေအနှစ် ပြတိုက်များသို့ နိုင်ငံသားများအား အခမဲ့ဝင်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဒီမှာ အခမဲ့ ဝင်ခွင့်ပြုဖို့ဆိုတာ နိုင်ငံသားတွေကိုပဲ ရည်ညွှန်းထားတာပါ။ နိုင်ငံခြားသားတွေ မပါ ပါဘူး။ ကျွန်တော်တို့ ဒီ နိုင်ငံတကာမှာ ရှိနေတဲ့ ပြတိုက်တွေကလည်းပဲ သူတို့ရဲ့ နိုင်ငံသားတွေကိုတော့ အခမဲ့ဝင်ရောက် ကြည့်ရှုလေ့လာခွင့် ပေးထားကြတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာရှိနေတဲ့ ပြတိုက်တွေကလည်းပဲ ကျွန်တော်တို့ နိုင်ငံတော်အစိုးရ တစ်နည်းအားဖြင့် ပြည်သူပြည်သားတွေရဲ့ ငွေတွေနဲ့ တည်ဆောက်ထားတဲ့ ပြတိုက်များ ဖြစ်ပါတယ်ခင်ဗျား။ ကိုယ်ပိုင် ပြတိုက်များ မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ဒီပြတိုက်တွေကို ကျွန်တော့်အနေနဲ့ ကိုယ့်နိုင်ငံသူ နိုင်ငံသားတွေ အခမဲ့ ဝင်ရောက်ခွင့် ပေးဖို့ဆိုတဲ့ဟာကို ဒီမှာ မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဒီပြတိုက်တွေမှာတော့ ကျွန်တော်တို့ ရှေးဟောင်းအမွေအနှစ်တွေ၊ ရှေးဟောင်းအမွေအနှစ် တွေဆိုတာ သက်ဆိုင်ရာ ဝိဇ္ဇာဘာသာရပ်၊ သိပ္ပံဘာသာရပ် စစ်ရေးစစ်ရာကိစ္စရပ်တွေနဲ့ ပတ်သက်တဲ့ ရှေးဟောင်းအမွေအနှစ်တွေကို သိမ်းဆည်းထိန်းသိမ်းထားတဲ့ဌာနတွေ ဖြစ်ပါတယ်။ ဒါ နိုင်ငံတကာမှာ။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာရှိနေတဲ့ အမျိုးသားပြတိုက်ဟာ ၁၉၅၂ ခုနှစ်လောက်က စပြီးတော့ တည်ရှိ ခဲ့တာ ဖြစ်ပါတယ်။ အခုကတော့ ဒဂုံမြို့နယ်မှာ National Museum ရှိပါတယ်။ ပုဂံမှာလည်းပဲ ဒီ ပြတိုက်ကြီး ရှိပါတယ်။ အဲဒီတော့ ဒီပြတိုက်ထဲကို ဝင်ကြေးက နည်းသည် များသည် ဒါ မဆိုလိုပါဘူး။ လွတ်လပ်စွာ ကျွန်တော်တို့က နိုင်ငံသူ နိုင်ငံသားတွေ ဝင်ရောက်ပြီးတော့ ကြည့်ရှုခွင့်ပြုမယ်ဆိုရင် တော်တော်များများက ဒီထဲကို ရောက်သွားမှာပါ။ ရောက်သွားတဲ့အခါကျတော့ မြန်မာနိုင်ငံမှာရှိတဲ့

သမိုင်းအမွေအနှစ်တွေ ကျွန်တော်တို့ လူမျိုးရဲ့ သမိုင်းကြောင်းတွေ စသည်အားဖြင့် ဒါတွေကို ကျွန်တော်တို့ သိရှိတဲ့အခါမှာ လူငယ်လူရွယ်တွေရော၊ ကျွန်တော်တို့ တစ်မျိုးသားလုံးရော ကိုယ့်နိုင်ငံ ကိုယ့်ယဉ်ကျေးမှုကို ချစ်မြတ်နိုး တဲ့စိတ်တွေ ဒီဟာတွေဟာ ကျွန်တော်တို့က ပိုပြီးတော့ မွေးဖွားပြီး ကျွန်တော်တို့ တည်ရှိလာမှာ ဖြစ်ပါတယ်။

ဥပမာ - ကျွန်တော်တို့နိုင်ငံမှာ အရင်တုန်းက ပရိုင်းမိတ် ပုံတောင်ပုံညာမှာ ပရိုင်းမိတ် လူသားအရင်းအမြစ်ကို ကျွန်တော်တို့ စပြီးတော့ ရှာဖွေကြပါတယ်။ ဒါကလည်းပဲ ပြတိုက်တွေမှာ တချို့နေရာတွေမှာ ထားတာရှိပါတယ်။ အဲဒီတော့ ပရိုင်းမိတ်ကို စပြီး ကျွန်တော်တို့ ရှာတာက ကျွန်တော် လေ့လာကြည့်သလောက် ၁၉၇၀ ဟိုရှေးပိုင်းက ရှိတယ်။ ဒါပေမဲ့ ၁၉၇၀ လောက်မှာ ဦးသော်တင့်တို့ ကျွန်တော်တို့ ဒါ ဘူမိဗေဒဌာနက ရှာခဲ့ပါတယ်။ အဲဒီတုန်းကတော့ သိပ်ပြီးတော့ ကျွန်တော်တို့ ဆိုရှယ်လစ်မြန်မာနိုင်ငံ ခေတ်အခါမှာ သိပ်ပြီးတော့ မထင်ပေါ်ပါဘူး။ နောက်ပိုင်းမှာတော့ ဒါတွေဟာ ထင်ပေါ်ပါတယ်။ ဒါတွေက သမိုင်းအမွေအနှစ်တွေဟာ ကိုယ့်လူမျိုးရဲ့ ယဉ်ကျေးမှုတွေ၊ ကိုယ့်လူမျိုးရဲ့ ဇာတိသွေးဇာတိမာန် တက်ကြွစရာတွေ ဖြစ်ပါတယ်။ တချို့ပြတိုက်တွေကတော့ ကျွန်တော်တို့ အခါအားလျော်စွာ နိုင်ငံတကာမှာလည်းပဲ ဖွင့်ပြီးတော့ ပြသပါတယ်။ ဥပမာ - ဒီ စစ်သမိုင်းပြတိုက်ဆိုလို့ရှိရင် အဲဒီမှာ ၁၉၅၀ ပတ်ဝန်းကျင်က ဂိုဇီတာတို့ တိုက်ခဲ့တဲ့ လေယာဉ်ပျံ အဟောင်းတွေ၊ အရင်တုန်းက စစ်လက်နက်ပစ္စည်းတွေ ရှိပါတယ်။ ဒါအင်မတန်မှ ကျွန်တော်တို့ ပြည်သူပြည်သား၊ နိုင်ငံသားတွေ ဒါ သိသင့်သိထိုက်တဲ့ကိစ္စ ဖြစ်ပါတယ်။ တော်တော်များများက ပြန်ပြီးတော့ Statistics ကောက်ကြည့်ရင် တော်တော်များများ လေ့လာမှုတွေ နည်းပါတယ်။ ဒါ ဘာကြောင့်လဲဆိုတော့ ခုနတုန်းက ဝင်ရောက်ဖို့ကိစ္စတွေ ခက်ခဲတာ နောက် တချို့ငွေကြေးက နည်းပေမယ့်လည်းပဲ တချို့ကျတော့လည်း မဝင်ဖြစ်တာ ဒီဟာတွေ ရှိပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ကတော့ ယဉ်ကျေးမှု အမွေအနှစ်ဖြစ်တဲ့ ရှေးဟောင်း အမွေအနှစ် ပြတိုက်တွေကို ကျွန်တော်တို့ ပြည်သူပြည်သားတွေကို နိုင်ငံသားတွေကို အခမဲ့ဝင်ခွင့် ပြုခြင်းအားဖြင့် ကျွန်တော်တို့ နိုင်ငံအတွက် ကျွန်တော်တို့ ပြည်သူပြည်သားတွေအတွက် အများကြီး အကျိုးကျေးဇူးရှိတဲ့အတွက်ကြောင့် ဒါဟာ အခမဲ့ ဝင်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ ကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၂၈။**

**ဒေါ်စန္ဒာခင် (ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ် ပါတယ်ရှင်။ ကျွန်မကတော့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် ဖြစ်ပါတယ်။ ရန်ကုန်

တိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဒေါက်တာမြင့်ကြည် မေးမြန်းသည့် မေးခွန်းနှင့်ပတ်သက်၍ ဖြေကြားမှာ ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတွင် ရန်ကုန်မြို့၌ အမျိုးသားပြတိုက်ကြီး(၁)ခု ကျန် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးတို့မှာ ရှေးဟောင်းသုတေသနပြတိုက်၊ ဗုဒ္ဓပြတိုက်၊ အထိမ်းအမှတ်ပြတိုက်နှင့် ယဉ်ကျေးမှုပြတိုက် ဆိုပြီးတော့ ပြတိုက်အမျိုးမျိုး ဖွင့်လှစ်ထားပြီးတော့ လာရောက်ကြည့်ရှုလေ့လာသူ ပြည်တွင်းပြည်ပ ဧည့်သည်များအား အပတ်စဉ် တနင်္လာနေ့နှင့် ပြန်တမ်းဝင် ရုံးပိတ်ရက်များမှ အပ ရက်သတ္တပတ် တစ်ပတ်လျှင်(၆)ရက် နေ့စဉ် နံနက်(၉)နာရီခွဲမှ ညနေ (၄)နာရီခွဲအထိ ဖွင့်လှစ် ပြသလျက်ရှိပါတယ်။ ထိုသို့ ဖွင့်လှစ်ပြသလျက်ရှိတဲ့ ပြတိုက်များအနက် အမျိုးသားပြတိုက် (ရန်ကုန်) နှင့် ပုဂံရှေးဟောင်းသုတေသနပြတိုက်တို့တွင် ဝင်ကြေးအဖြစ် နိုင်ငံသား လူကြီးတစ်ဦးလျှင် (၅၀၀)ကျပ်နှုန်း ကလေးတစ်ဦးလျှင် (၂၅၀)ကျပ်နှုန်းဖြင့်လည်းကောင်း ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများမှာရှိတဲ့ ရှေးဟောင်းသုတေသနပြတိုက်များနှင့် ယဉ်ကျေးမှုပြတိုက် များတွင် ဝင်ကြေးအဖြစ် နိုင်ငံသားလူကြီးတစ်ဦးလျှင် (၂၀၀)ကျပ်နှုန်းနှင့် ကလေးတစ်ဦးလျှင် (၁၀၀)ကျပ်နှုန်းဖြင့် ပေးဆောင်လျက် ရှိပါတယ်။ အနာဂတ်ရဲ့ ရင်သွေးငယ်များဖြစ်တဲ့ ကျောင်းသား၊ ကျောင်းသူများကို မိမိနိုင်ငံရဲ့ သမိုင်းကြောင်း အစဉ်အလာနှင့် ယဉ်ကျေးမှု အမွေအနှစ်များကို ဂုဏ်ယူမြတ်နိုး တန်ဖိုးထားတတ်စေရန်နှင့် ဒါကို ရည်ရွယ်ပြီးတော့ ကျွန်မတို့ အခမဲ့ကြည့်ရှုလေ့လာခွင့် ပြုထားပါတယ်။

အလားတူပဲ သာသနာ့ဝန်ထမ်း သံဃာတော်များ၊ သီလရှင်များကိုလည်းပဲ အခမဲ့ ကြည့်ရှုလေ့လာခွင့် ရှိပါတယ်။ အချို့သော နိုင်ငံများမှာတော့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ပြတိုက်များမှာ နိုင်ငံသားတွေကို အခမဲ့ ဝင်ခွင့်ပြုထားကြပါတယ်။ သို့သော် အချို့နိုင်ငံများမှာလည်း ဒီအမွေအနှစ် ပြတိုက်တွေမှာ ဝင်ကြေးသတ်မှတ်ကောက်ခံကြတာကို တွေ့ရှိရပါတယ်။ ဥပမာအားဖြင့် လာအိုနိုင်ငံမှာဆိုရင် Royal Palace Museum Laos အဲဒီမှာဆိုရင် ဝင်ကြေးကို လာအို ကစ် (၁၀၀၀၀) မြန်မာငွေကျပ် (၁၀၀၀)ဝန်းကျင်ခန့် ကောက်ခံပါတယ်။ စင်ကာပူနိုင်ငံမှာရှိတဲ့ Peranakan Museum Singapore မှာလည်း လူကြီးကို အမေရိကန်ဒေါ်လာ (၆)ဒေါ်လာ မြန်မာငွေနဲ့ဆိုရင် (၆၀၀၀)ကျပ်ဝန်းကျင် ကောက်ခံပါတယ်။ ထိုင်းနိုင်ငံ Khonkaen Museum မှာဆိုလည်း ထိုင်း ဘတ် (၁၀)ဘတ် မြန်မာငွေ(၃၅၀)ကျပ်ခန့်၊ ဗီယက်နမ်နိုင်ငံ Ho Chi Minn Museum Hanoi မှာ ရှိပါတယ်။ အဲဒီမှာဆိုလည်း ဗီယက်နမ် ဒေါင် (၂၀၀၀၀) မြန်မာငွေ (၁၀၀၀)ဝန်းကျင်ခန့်၊ ဂျပန်နိုင်ငံမှာရှိတဲ့ Hida Folk Archaeological Museum မှာဆိုလည်း လူကြီး ဂျပန် ယန်း(၅၀၀) မြန်မာငွေ (၅၀၀၀) ဝန်းကျင်နဲ့ ကလေးအတွက်ဆိုရင် ဂျပန် ယန်း(၂၀၀) မြန်မာငွေ ကျပ်(၂၀၀၀)ဝန်းကျင်ခန့်၊ အီတလီနိုင်ငံမှာရှိတဲ့ Archaeological Museum of Naples ဆိုလည်းပဲ ယူရို(၆)ယူရို၊ မြန်မာငွေကျပ် (၆၀၀၀)ကျော်ခန့် ကောက်ခံတာကို ကျွန်မတို့ တွေ့ရှိရပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံမှာရှိတဲ့ ရှေးဟောင်းသုတေသန ပြတိုက်များမှာ ဝင်ရောက်လေ့လာမှု အားနည်းနေခြင်းဟာ ဝင်ကြေးပေးဆောင်ရခြင်း သက်သက်ကြောင့် မဟုတ်ပါဘူးရှင်။ အဲဒါကိုလည်း ကျွန်မတို့ လေ့လာတွေ့ရှိရပါတယ်။ ကျွန်မတို့နိုင်ငံမှာ ဒီပြတိုက်တွေကို သွားရောက်လေ့လာတတ်တဲ့ အလေ့အထ အားနည်းနေခြင်းကြောင့် ဖြစ်တယ်ဆိုတာကို

တွေ့ရှိရပါတယ်။ ဒါကြောင့်လည်း ခုအခါမှာ ကျောင်းသူ ကျောင်းသားတွေ ပိုပြီးတော့ ဝင်ရောက်လာစေဖို့ အတွက် ပညာရေးဌာနများ၊ စာသင်ကျောင်းများနဲ့ ညှိပြီးတော့မှ စိတ်ဝင်စားဖွယ် အစီအစဉ်တွေ စီစဉ်ဆောင်ရွက်ပြီးတော့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ တစ်နည်းအားဖြင့် ကျောင်းသူ ကျောင်းသားတွေ ဝင်လာပြီးတော့ ပြတိုက်ကို လေ့လာတယ်။ ပြတိုက်ကို လေ့လာပြီးရင် အပြန်မှာ ကျွန်မတို့ Quest မေးခွန်းတိုလေးတွေ မေးပါတယ်။ တစ်ခါတစ်လေမှာ စာစီစာကုံးပြိုင်ပွဲလေးတွေ လုပ်ပါတယ်။ အဲဒီလိုလုပ်ပြီးတော့ သူတို့ကို ဆုပေးတဲ့ အစီအစဉ်တွေ စသဖြင့် ဒီလို ဒီစိတ်ဝင်စားဖွယ်ကောင်းတဲ့ အစီအစဉ်လေးတွေ ဆောင်ရွက်ပြီးလုပ်တဲ့အခါမှာ ပိုပြီးတော့ ကျောင်းသူ ကျောင်းသားတွေ ဝင်ရောက် လေ့လာတာ တွေ့ရပါတယ်ရှင်။ နောက် ဒေသခံတွေ၊ ခရီးသွားဧည့်သည်တွေ ပိုမိုပြီးတော့ ဝင်ရောက် လေ့လာစေဖို့အတွက်လည်းပဲ ကျွန်မတို့ ဝန်ထမ်းတွေနဲ့ ဒေသမှာ ဖွဲ့စည်းထားတဲ့ ယဉ်ကျေးမှု အမွေအနှစ် စောင့်ရှောက်ရေးအဖွဲ့တွေ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပါတယ်။ ဒါကြောင့်မို့လို့ ပိုမိုပြီးတော့ ဝင်ရောက်လာပါတယ်။ Awareness လည်း ပိုပြီးတော့ ဆောင်ရွက်နိုင်တာကို တွေ့ရပါတယ်။ အဲဒီအခါမှာ ကျွန်မတို့ ဝင်ကြေးလည်း ကောက်ခံခြင်း မပြုပါဘူးရှင်။ ဒီပြတိုက်ဝင်ကြေးကို တန်ဖိုးတစ်ခု မသတ်မှတ်ဘဲနဲ့ ဝင်ကြေးကို ကင်းလွတ်ပေးမယ်ဆိုရင်လည်းပဲ ပြတိုက်များအပေါ်မှာ တန်ဖိုးထားမှုဟာ လျော့ကျစေနိုင်ပါတယ်။ ဒါ့အပြင် လူသူမရွေး အလွယ်တကူ ဝင်ထွက်နိုင်တဲ့အတွက်ကြောင့်မို့လို့လည်း မလိုလားအပ်တဲ့ အနှောင့်အယှက်တွေလည်းပဲ ဖြစ်စေနိုင်ပါတယ်။ ပြတိုက်နဲ့ ပြတိုက် ပစ္စည်း လုံခြုံရေးအတွက်လည်း အန္တရာယ်ရှိနိုင်ပါတယ်ရှင်။

ဒါကြောင့် သင့်တင့်လျောက်ပတ်တဲ့ နှုန်းထားကိုသာလျှင် သတ်မှတ်ပြီးတော့ ကောက်ခံခြင်းဖြစ်ပါတယ်။ နိုင်ငံတော် အစိုးရအနေနဲ့လည်း ပြတိုက်များထိန်းသိမ်းခြင်းလုပ်ငန်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအတွက် နှစ်စဉ် ဘဏ္ဍာရန်ပုံငွေ ခွဲဝေချထားပေးလျက်ရှိရာ ယဉ်ကျေးမှုဝန်ကြီးဌာနကလည်း ဦးစားပေးအလိုက် ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ ပြတိုက်ဝင်ကြေး ကောက်ခံခြင်းအားဖြင့် နိုင်ငံတော် ဝင်ငွေရရှိရေးအတွက်လည်း တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းရှာဖွေပေး နိုင်ခြင်းကြောင့်လည်းကောင်း၊ ပြတိုက်များအပေါ် တန်ဖိုးထားတတ်စေရန် အတွက်လည်းကောင်း အခမဲ့ဝင်ကြေး ဝင်ခွင့်ပြုရန်အတွက် အစီအစဉ် မရှိသေးပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ကို ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ဥပဒေကြမ်း

ကော်မတီက ပြင်ဆင်ထားသည့်အတိုင်း တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၃)၊ အပိုဒ် ၇

ကောင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အလို့ငှာ ကောင်စီဥက္ကဋ္ဌက အလုပ်အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ကောင်စီ ဒုတိယဥက္ကဋ္ဌများက ဒုတိယဥက္ကဋ္ဌများ အဖြစ်လည်းကောင်း၊ ကောင်စီအတွင်းရေးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ကောင်စီ တွဲဖက်အတွင်းရေးမှူးများက တွဲဖက်အတွင်းရေးမှူးများအဖြစ် လည်းကောင်း၊ ကောင်စီ ဘဏ္ဍာရေးမှူး က ဘဏ္ဍာရေးမှူးအဖြစ် လည်းကောင်း၊ အလုပ်အမှုဆောင် အဖွဲ့ဝင်ရှစ်ဦးက အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်စေလျက် ကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ ၁၅ ဦးကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အခန်း(၃)၊ အပိုဒ် ၇ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃)၊ အပိုဒ် ၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၇)၊ အပိုဒ် ၁၇၊ ၁၈၊ ၁၉

၁၇။ ကောင်စီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည် ဖော်ဆောင်ရွက် နိုင်ရန် အောက်ပါ ရငွေများဖြင့် ရန်ပုံငွေတစ်ရပ် ထူထောင်ရမည်-

(က) မှတ်ပုံတင်ကြေး၊ နှစ်စဉ်ကြေး၊ ရက်လွန်ကြေးနှင့် အခြား ရခွင့်ရှိသောငွေများ၊

(ခ) ပြည်တွင်းပြည်ပရှိအဖွဲ့အစည်းနှင့်အလှူရှင်များထံမှ လှူဒါန်းငွေနှင့် ထောက်ပံ့ငွေများ၊

(ဂ) ရန်ပုံငွေမှ တရားဝင်တိုးပွားငွေများ။

၁၈။ ကောင်စီသည် -

(က) မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်နိုင်ရန် ကြိုးပမ်းအားထုတ်ရမည်၊

(ခ) မိမိရန်ပုံငွေဖြင့် ရပ်တည်ရာတွင် လုံလောက်မှုမရှိပါက တာဝန်ခံ ဝန်ကြီးဌာနမှ တစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုရန်ပုံငွေမှ ကျခံ သုံးစွဲနိုင်ရန် တင်ပြတောင်းခံနိုင်သည်။

၁၉။ ကောင်စီသည် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၇)၊ အပိုဒ် ၁၇၊ ၁၈၊ ၁၉ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၁၇(က) (ခ)(ဂ)၊ အပိုဒ် ၁၈(က)(ခ)၊ အပိုဒ် ၁၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၈)၊ အပိုဒ် ၂၅(က)

၂၅။ (က) မှတ်ပုံတင်ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူလက်မှတ် ရရှိထားသူသည် သတ်မှတ်ထား သည့်ကာလ ပြည့်မြောက်ပါက မှတ်ပုံတင်အင်ဂျင်နီယာ လက်မှတ်ရရှိရန် သတ်မှတ် ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၈)၊ အပိုဒ် ၂၅(က) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၈)၊ အပိုဒ်၂၅(က)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် - အခန်း(၁၄)၊ အပိုဒ် ၄၅၊ ၄၆၊ ၄၈၊ ၅၁(က)(ခ)

၄၅။ နိုင်ငံ့ဝန်ထမ်း မဟုတ်သော ကောင်စီဝင်၊ အလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ခ) အရ ဖွဲ့စည်းသည့် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့များ၏အဖွဲ့ဝင်အား ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည် ဟု မှတ်ယူရမည်။

၄၆။ နိုင်ငံ့ဝန်ထမ်း မဟုတ်သော ကောင်စီဝင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တာဝန်ခံဝန်ကြီးဌာနက သတ်မှတ်ထားသည့် စရိတ်နှင့် ခံစားခွင့် များကို ခံစားခွင့်ရှိသည် -

၄၈။ ဤဥပဒေအရ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို သဘောရိုးဖြင့် ဆောင်ရွက်ကြောင်း ထင်ရှားလျှင် ကောင်စီဝင်၊ အလုပ်အမှုဆောင် အဖွဲ့ဝင်နှင့် လုပ်ငန်းကော်မတီဝင်တစ်ဦးဦးအား တရားမကြောင်းအရ ဖြစ်စေ၊ ပြစ်မှုကြောင်း အရ ဖြစ်စေ တာဝန်မရှိစေရ ဟု ပြင်ဆင်ထားပါတယ်။

၅၁။ ကောင်စီသည် ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းနှင့် အလှူရှင်များထံမှ လှူဒါန်းပစ္စည်းများ၊ နည်းပညာ ဆိုင်ရာနှင့် အခြားအကူအညီများကို တည်ဆဲဥပဒေများနှင့်အညီ လက်ခံဆောင်ရွက်နိုင်သည် ဟု ဖြည့်စွက်ထားပါတယ်။

၅၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) တာဝန်ခံဝန်ကြီးဌာနသည် ကောင်စီနှင့်ညှိနှိုင်း၍ လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ကောင်စီသည် တာဝန်ခံဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လိုအပ်သော စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန် နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်များကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၄)၊ အပိုဒ် ၄၅၊ ၄၆၊ ၄၈၊ ၅၁(က)(ခ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၄)၊ အပိုဒ် ၄၅၊ ၄၆၊ ၄၈၊ ၅၁၊ ၅၂(က) (ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ဘက်စုံပို့ဆောင်ရေး ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ကိုဆက်လက်ဆောင်ရွက်ပါမယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ဘက်စုံပို့ဆောင်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့အတိုင်း တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၁)၊ အပိုဒ် ၂(ဃ)(င)(တ)

၂။ (ဃ) ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူဆိုသည်မှာ ဘက်စုံပို့ဆောင်ရေး ပဋိညာဉ်ကို ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ချုပ်ဆိုသူဖြစ်ပြီး ဘက်စုံပို့ဆောင်ရေး လုပ်ငန်းကို ကုန်စည်အပ်နှံသူ သို့မဟုတ် ကုန်စည်လက်ခံသူ၏ ကိုယ်စားလှယ်အဖြစ် မဟုတ်ဘဲ ကိုယ်တိုင် ပဋိညာဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် တာဝန် ရှိသူ ကိုဆိုသည်။

(င) သယ်ယူပို့ဆောင်သူ ဆိုသည်မှာ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူကဲ့သို့ ထပ်တူထပ်မျှ လုပ်ကိုင်ဆောင်ရွက်သည်ဖြစ်စေ၊ မဆောင်ရွက်သည်ဖြစ်စေ ကုန်းလမ်း၊ မီးရထားလမ်း၊ ပြည်တွင်းရေကြောင်းလမ်း၊ ပင်လယ်ရေကြောင်းလမ်း၊ လေကြောင်း လမ်း သို့မဟုတ် အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း တစ်ခုလုံးကို သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ဆောင်ရွက်သူ သို့မဟုတ် ဆောင်ရွက်ရန် တာဝန်ယူသူကို ဆိုသည်။

(တ) ဗဟိုအဖွဲ့ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ကုန်စည်များ ဘက်စုံပို့ဆောင်ရေး ဗဟိုအဖွဲ့ကို ဆိုသည် ဟု ပြင်ဆင်ထားပါတယ်။

(ဥပဒေကြမ်းကော်မတီရဲ့ (င)မှာ မီးရထားလမ်းဆိုတာ မီးက မလိုအပ်တော့ပါဘူး။ ရှေးတုန်း ကတော့ မီးဘောင်နဲ့သွားတော့ မီးရထားလို့ခေါ်တာပေါ့။ ဟုတ်တယ်နော်။ ရထားလမ်းပေါ့။)

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(ဃ)(င)(တ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ်၂(ဃ) (င)(တ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၂)၊ အပိုဒ် ၃(ခ)(ဂ)၊ အပိုဒ် ၄(က)

၃။ (ခ) ပြည်တွင်းပြည်ပတွင် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ စည်းကမ်းကျနစွာတိုးတက်ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုရန်၊

(ဂ) အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးနှင့် စပ်လျဉ်းသည့် လိုအပ်ချက်များ ပြည့်စုံစေရေးအတွက် စွမ်းဆောင်ရည်ရှိပြီး ထိရောက်မြန်ဆန်သော ဘက်စုံပို့ဆောင်ရေး ဝန်ဆောင်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

၄။ (က) ဤဥပဒေအရ ဗဟိုအဖွဲ့တွင် မှတ်ပုံတင်ပြီး မှတ်ပုံတင်လက်မှတ် ရယူထားသည့် ဘက်စုံ ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများ ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃(ခ)(ဂ)၊ အပိုဒ် ၄(က) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃(ခ)(ဂ)၊ အပိုဒ် ၄(က)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် - အခန်း(၄)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၆၊ အပိုဒ် ၇(က)(ခ)၊ အပိုဒ် ၈(င) (စ)(ဆ)(ဇ)

အခန်း (၄)

ကုန်စည်များ ဘက်စုံပို့ဆောင်ရေးဗဟိုအဖွဲ့

ဖွဲ့စည်းခြင်းနှင့် ယင်း၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆။ ဝန်ကြီးဌာနသည် ဘက်စုံပို့ဆောင်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက်လည်းကောင်း၊ သက်ဆိုင်ရာ ပြည်တွင်းပြည်ပမှ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရေးနှင့် ကြီးကြပ်ကွပ်ကဲရေးအတွက် လည်းကောင်း သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများမှ သင့်လျော်သော ပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်သူများ ပါဝင်သည့် ကုန်စည်များ ဘက်စုံပို့ဆောင်ရေးဗဟိုအဖွဲ့ကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

၇။ ဝန်ကြီးဌာနသည် -

(က) ပုဒ်မ ၆ အရ ဗဟိုအဖွဲ့ကို ဖွဲ့စည်းရာတွင် ဝန်ကြီးဌာနမှ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ် တစ်ဦးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပို့ဆောင်ရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် က အတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ပေးအပ်ရမည် ဟု ပြင်ဆင်ထား ပါတယ်။

(ခ) ဗဟိုအဖွဲ့တွင် ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကိုလည်း ထည့်သွင်း ဖွဲ့စည်းနိုင်သည် ဟု ဖြည့်စွက်ထားပါတယ်။

(ဂ) ဗဟိုအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ ဗဟိုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(င) သယ်ယူပို့ဆောင်သူများ၊ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများနှင့် အသုံးပြု သူများက ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ မှတ်ပုံတင်လက်မှတ် စည်းကမ်းချက်များကိုလည်းကောင်း လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ လိုအပ်သလို စစ်ဆေးခြင်း၊ ထိုသို့ စစ်ဆေးနိုင်ရန် ဗဟိုအဖွဲ့၏ အဖွဲ့ဝင် ပါဝင်သည့် စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ဖြစ်စေ၊ သင့်လျော်သော ပုဂ္ဂိုလ်တစ်ဦးဦးကို ဖြစ်စေ တာဝန်ပေးအပ်ခြင်း၊

(စ) ဘက်စုံပို့ဆောင်ရေးလုပ်ငန်းနှင့် ဆက်နွယ်သော ထောက်ပံ့ဖြည့်ဆည်း စီမံဆောင်ရွက်မှု လုပ်ငန်းများ၊ အပြည်ပြည်ဆိုင်ရာ ပို့ဆောင်ရေးလုပ်ငန်းများနှင့် သင်တန်းများကို စည်းကမ်းချက်များ သတ်မှတ်၍ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက် ထုတ်ပေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဆ) ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အထောက်အကူပြုရန် ဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ လိုအပ်သည့် နိုင်ငံ့ဝန်ထမ်းများအား ခန့်ထားခြင်း၊

(ဇ) ဗဟိုအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးဌာနသို့ အစီရင်ခံတင်ပြခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၆၊ အပိုဒ် ၇(က)(ခ)၊ အပိုဒ် ၈(င)(စ)(ဆ)(ဇ) ပြင်ဆင် ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၆၊ အပိုဒ် ၇(က)(ခ)(ဂ)၊ အပိုဒ် ၈(င)(စ)(ဆ)(ဇ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၅)၊ အပိုဒ် ၉(က)(ခ)(ဂ)၊ အပိုဒ် ၁၀(က)(ခ)

၉။ (က) ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူအဖြစ် သော်လည်းကောင်း၊ နိုင်ငံတော် က အဖွဲ့ဝင်ဖြစ်သော ဘက်စုံပို့ဆောင်ရေးနှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း သို့မဟုတ် ဒေသဆိုင်ရာ သဘောတူစာချုပ်၏ အဖွဲ့ဝင်ဖြစ်သည့် ပြည်ပ နိုင်ငံတစ်ခုခုမှ မှတ်ပုံတင်လက်မှတ်ရရှိသော ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ၏ ကိုယ်စားလှယ်အဖြစ် သော်လည်းကောင်း ဘက်စုံပို့ဆောင်ရေး လုပ်ငန်းကို လုပ်ကိုင်လိုသူ သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသူသည် မှတ်ပုံတင်လက်မှတ် ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဗဟိုအဖွဲ့သို့ လျှောက်ထားရမည်။

(ခ) ဗဟိုအဖွဲ့သည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်များအား သတ်မှတ်ချက်များနှင့် အညီ စိစစ်ပြီး မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) ဗဟိုအဖွဲ့က ပုဒ်မခွဲ (ခ) အရ ခွင့်ပြုသည့်အခါ မှတ်ပုံတင်အရာရှိသည် လျှောက်ထားသူအား သတ်မှတ်ထားသည့် မှတ်ပုံတင်ခကို ပေးသွင်းစေပြီး သတ်မှတ်သည့် စည်းကမ်းချက်များဖြင့် မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

၁၀။ (က) ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် မှတ်ပုံတင် သက်တမ်းကုန်ဆုံးသည့် အခါ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက မှတ်ပုံတင် သက်တမ်းတိုးမြှင့်ပေးရန် သတ်မှတ်ချက်များနှင့်အညီ ဗဟိုအဖွဲ့သို့ လျှောက်ထား ရမည်။

(ခ) ဗဟိုအဖွဲ့က ပုဒ်မခွဲ (က)အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုပါက မှတ်ပုံတင် အရာရှိသည် လျှောက်ထားသူအား သတ်မှတ်သည့် အခကြေးငွေများကို ပေးသွင်း စေပြီး သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ မှတ်ပုံတင် သက်တမ်း တိုးမြှင့်ပေးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၅)၊ အပိုဒ် ၉(က)(ခ)(ဂ)၊ အပိုဒ် ၁၀(က)(ခ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅)၊ အပိုဒ် ၉(က)(ခ)(ဂ)၊ အပိုဒ် ၁၀(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၆)၊ အပိုဒ် ၁၄

ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံ အထောက်အထား လက်မှတ်တွင် ပုဒ်မ ၁၃ ပါ အချက်တစ်ရပ် ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ ဖြစ်စေ မပါရှိသော်လည်း ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) ပါ ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံ အထောက်အထား လက်မှတ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ညီညွတ်လျှင် ထိုကုန်စည် တင်ဆောင်သည့် သက်သေခံ အထောက်အထားလက်မှတ်၏ တရားဝင်မှုကို ထိခိုက်ခြင်းမရှိစေရ ဟု ပြင်ဆင်ထား ပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၄ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၇)၊ အခန်းခေါင်းစဉ်

အခန်း(၇)
ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ၏
တာဝန်နှင့် ပေးအပ်ရန် တာဝန်ရှိမှုများ

ဟု ပြင်ဆင်ထားပါတယ်။

ဒီ အခန်းခေါင်းစဉ် ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၇)၊ အခန်းခေါင်းစဉ် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အခန်းခေါင်းစဉ် သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၈)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၉၊ ၃၂

အခန်း (၈)
ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ၏ ပေးအပ်ရန်
တာဝန်ရှိမှု ကန့်သတ်ချက်

၂၉။ ကုန်စည်ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုသည် ဘက်စုံပို့ဆောင်ရေး၏ သီးခြား ပို့ဆောင်ရေး နည်းလမ်းတစ်လမ်းဖြင့် ပို့ဆောင်သည့် ကာလအတွင်း ပေါ်ပေါက်သည့်အခါ အဆိုပါဖြစ်ရပ်နှင့် စပ်လျဉ်း၍ ဘက်စုံပို့ဆောင်ရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း သို့မဟုတ် ဒေသဆိုင်ရာ သဘောတူစာချုပ်တွင် အခြားပေးအပ်ရန် တာဝန်ကန့်သတ်ချက်ကို ပြဋ္ဌာန်း

သတ်မှတ်ထားပြီး အဆိုပါ သီးခြားသယ်ယူ ပို့ဆောင်ရေးနည်းလမ်းအတွက် ပဋိညာဉ်ကိုလည်း သီးခြားချုပ်ဆိုထားလျှင် အဆိုပါဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုအတွက် ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ၏ ပေးလျော်ရန် တာဝန် ကန့်သတ်ချက်သည် ဖော်ပြပါ ကွန်ဗင်းရှင်းနှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်တို့ကို အခြေခံ၍ ဤဥပဒေအရ သတ်မှတ်သည့် အတိုင်း ဖြစ်စေရမည်။

၃၂။ ကုန်စည်ဆုံးရှုံးမှု၊ ပျက်စီးမှု သို့မဟုတ် ကုန်စည် လွှဲပြောင်းပေးပို့ရန် နှောင့်နှေးကြန့်ကြာမှုသည် ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူက ထိုသို့ ဆုံးရှုံးစေရန်၊ ပျက်စီးစေရန် သို့မဟုတ် နှောင့်နှေးကြန့်ကြာစေရန် ရည်ရွယ်၍သော်လည်းကောင်း၊ အလေးမထားဂရုမစိုက်ဘဲ သိလျက်နှင့် သော်လည်းကောင်း၊ ပုဂ္ဂိုလ်ရေးအရပြုလုပ်ကြောင်း သို့မဟုတ် ပျက်ကွက်ကြောင်း သက်သေထင်ရှား ပြသနိုင်လျှင် ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည်ပေးအပ်ရန် တာဝန်ရှိမှု ကန့်သတ်ချက်၏ အကျိုးကျေးဇူးကို ခံစားခွင့်မရှိစေရ ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၈)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၉၊ ၃၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၈)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၉၊ ၃၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၉)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၅(က)၊ အပိုဒ် ၃၈၊ ၃၉၊ ၄၀

အခန်း (၉)

ကုန်စည်အပ်နှံသူ၏ တာဝန်နှင့် ပေးအပ်ရန် တာဝန်ရှိမှုများ

၃၅။ (က) ထိုကုန်စည်ပို့ဆောင်ခြင်းဖြင့် ဖြစ်ပေါ်လာသော ဆုံးရှုံးမှုအားလုံးအတွက် ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူအား ကုန်စည်အပ်နှံသူက ပေးအပ်ရန် တာဝန်ရှိစေရမည်။

၃၈။ ပုဒ်မ ၃၃၊ ပုဒ်မ ၃၄၊ ပုဒ်မ ၃၅၊ ပုဒ်မ ၃၆ နှင့် ပုဒ်မ ၃၇ တို့တွင် ရည်ညွှန်းထားသည့် အချက်များမှာ တိကျမှန်ကန်ခြင်းမရှိမှု သို့မဟုတ် မလုံလောက်မှုတစ်ခုခုကြောင့် ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှုတစ်ရပ်ရပ်အတွက် ကုန်စည်အပ်နှံသူသည် ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူအား နစ်နာကြေးပေးအပ်ရန် တာဝန်ရှိသည်။

၃၉။ ကုန်စည်အပ်နှံသူသည် ဘက်စုံပို့ဆောင်ရေး ကုန်စည်တင်ဆောင်သည့် သက်သေခံ အထောက်အထားလက်မှတ်ကို ၎င်းက လွှဲပြောင်းပေးပြီးသည့်တိုင် ပေးအပ်ရန် တာဝန်ရှိမှုသည် ဆက်လက်၍ တည်ရှိ စေရမည်။

၄၀။ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ၏ ပုဒ်မ ၃၈ နှင့် ပုဒ်မ ၃၉ တို့ပါ နစ်နာကြေး ဆိုင်ရာ အခွင့်အရေးကို ကုန်စည်အပ်နှံသူမှအပ အခြားပုဂ္ဂိုလ်တစ်ဦးဦးသို့ ပဋိညာဉ်အရ ဘက်စုံ ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ၏ ပေးအပ်ရန် တာဝန်ရှိမှုအား ကန့်သတ်ခြင်း မရှိစေရ ဟု ပြင်ဆင် ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၉)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၅(က)၊ အပိုဒ် ၃၈၊ ၃၉၊ ၄၀ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၉)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၅(က)၊ အပိုဒ် ၃၈၊ ၃၉၊ ၄၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၁၀)၊ အပိုဒ် ၄၁(ခ)

၄၁။ (ခ) ကုန်စည်ဆုံးရှုံးမှု သို့မဟုတ် ပျက်စီးမှုကို အပြင်ပန်းအားဖြင့် သိသာထင်ရှားခြင်းမရှိ သည့်ကိစ္စတွင် ကုန်စည်လက်ခံသူသို့ ကုန်စည်ကို လွှဲပြောင်းပေးအပ်ပြီးနောက် ၎င်းက ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများအရ သတ်မှတ်ထားသော ကာလအတွင်း လက်မှတ်ရေးထိုးထားသည့် စာဖြင့် အကြောင်းကြားပေးပို့ခြင်းမရှိလျှင် ထိုကုန်စည် ဆုံးရှုံးကြောင်း သို့မဟုတ် ပျက်စီးကြောင်း မြင်သာသော သက်သေခံ အထောက်အထား မရှိဟု မှတ်ယူရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၄၁(ခ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၄၁(ခ) သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၁၁)၊ အပိုဒ် ၄၃၊ ၄၄၊ ၄၇၊ အပိုဒ် ၅၂၊ ၅၂(ခ)၊ အပိုဒ် ၅၃(ခ)၊ အပိုဒ် ၅၉(ခ)

၄၃။ ဗဟိုအဖွဲ့သည် ဤဥပဒေအရ ထုတ်ပြန် သည့် နည်းဥပဒေများ၊ အမိန့် ကြော်ငြာစာနှင့် အမိန့်တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ မှတ်ပုံတင် စည်းကမ်းချက် တစ်ခုခုကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်သော သို့မဟုတ် လိုက်နာရန် ပျက်ကွက်သော ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

၄၄။ ဗဟိုအဖွဲ့က ချမှတ်သော မှတ်ပုံတင်လက်မှတ် လျှောက်ထားချက်ကို ငြင်းပယ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် သို့မဟုတ် စီမံ ခန့်ခွဲရေးဆိုင်ရာ အမိန့်ကိုဖြစ်စေ မကျေနပ်သူသည် ထိုအမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၄၇။ ပုဒ်မ ၄၆ တွင် မည်သို့ပင် ပြဋ္ဌာန်းပါ ရှိစေကာမူ လုပ်ပိုင်ခွင့် တောင်းဆိုရန်အကြောင်း ပေါ်ပေါက်ပြီးနောက် စာချုပ်ဝင်တို့ ချုပ်ဆိုသည့် သဘောတူစာချုပ်တွင် တရားစွဲဆိုနိုင်ရန် သီးခြားသတ်မှတ်သည့် နေရာဒေသရှိ စီရင်ပိုင်ခွင့်ရှိသော တရားရုံးသည် စီရင်ပိုင်ခွင့် ရှိစေရမည်။

၅၂။ ဤဥပဒေတွင် အခြားနည်းဖြင့် ပြဋ္ဌာန်းထားခြင်းမရှိလျှင် ဤဥပဒေပါ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ၏ တာဝန်များ၊ ပေးအပ်ရန် တာဝန်ရှိမှုများ၊ ကင်းလွတ်ချက်များ နှင့် ပေးအပ်ရန် တာဝန် ကန့်သတ်ချက်များသည် -

(ခ) မှတ်ပုံတင် လက်မှတ်ရရှိသော ကိုယ်စားလှယ်နှင့် လည်းကောင်း၊ သီးခြားဆန့်ကျင်ကွဲလွဲသည့် သဘောတူ ညီချက်မရှိပါက ကိုယ်စားလှယ် လွှဲအပ်သူနှင့် လည်းကောင်း သက်ဆိုင်စေရမည်။

၅၃။ (ခ) အခန်း (၇) ပါ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူ၏ တာဝန်နှင့် ပေးအပ်ရန် တာဝန်ရှိမှုများတွင်လည်းကောင်း၊ အခန်း(၈)ပါ ပေးအပ်ရန် တာဝန်ရှိမှု ကန့်သတ်ချက်များတွင်လည်းကောင်း မည်သို့ပင် ပါရှိစေကာမူ ဘက်စုံပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူသည် ကုန်စည်အပ်နှံသူ၏ သဘောတူညီချက်ဖြင့် ပဋိညာဉ်တွင် မိမိ၏ တာဝန်ရှိမှုနှင့် ပေးအပ်ရန် တာဝန်များကို ပိုမို၍ တိုးမြှင့်သတ်မှတ်ပေးနိုင်သည်။

၅၉။ (ခ) ဝန်ကြီးဌာနနှင့် ဗဟိုအဖွဲ့တို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၁)၊ အပိုဒ် ၄၃၊ ၄၄၊ ၄၇၊ အပိုဒ် ၅၂၊ ၅၂(ခ)၊ အပိုဒ် ၅၃(ခ)၊ အပိုဒ် ၅၉(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၁)၊ အပိုဒ် ၄၃၊ ၄၄၊ ၄၇၊ အပိုဒ် ၅၂၊ ၅၂(ခ)၊ အပိုဒ် ၅၃(ခ)၊ အပိုဒ် ၅၉(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို (၁၁း၀၇) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၁း၂၂) နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်အစည်းအဝေး ပြန်လည် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၂၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အပိုဒ် ၅

၅။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၇ ၏ နောက်တွင် အောက်ပါ ပုဒ်မများကို ပုဒ်မ ၇-က၊ ပုဒ်မ ၇-ခ၊ ပုဒ်မ ၇-ဂ၊ ပုဒ်မ ၇-ဃ နှင့် ပုဒ်မ ၇-င တို့အဖြစ် ဖြည့်စွက်ရမည် -

လွှတ်တော် အဖွဲ့အစည်းများ

၇ - က။ နာယကသည် လွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီများကို ပူးပေါင်းလျက် အောက်ပါ လွှတ်တော်ကော်မတီများကို ဖွဲ့စည်းရမည် -

(က) ဥပဒေကြမ်းပူးပေါင်းကော်မတီ၊

(ခ) ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ။

၇ - ခ။ နာယကသည် လွှတ်တော်၏ သဘောတူညီချက်ဖြင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်ဦးရေ တူညီစွာပါဝင်သည့် လိုအပ်သော အခြားကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့များကို ဖွဲ့စည်းရာ၌ ယင်းတို့၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း တို့ကို သတ်မှတ်ပေးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အပိုဒ် ၁၀

၁၀။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၁၁ ၏ နောက်တွင် အောက်ပါ ပုဒ်မများကို ၁၁-က နှင့် ၁၁-ခ အဖြစ် ဖြည့်စွက်ရမည် -

တာဝန်မှပြန်လည်ရုပ်သိမ်းခြင်း

၁၁-က။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မူလ မဲဆန္ဒရှင်များအနက် အနည်းဆုံး တစ်ရာခိုင်နှုန်းတို့က တာဝန်မှပြန်လည်ရုပ်သိမ်းလိုကြောင်း တိုင်တန်းလာပါက သက်ဆိုင်ရာ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌများမှတစ်ဆင့် လွှတ်တော်နာယကထံသို့ အသိပေးတင်ပြရမည်။

၁၁-ခ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မူလ မဲဆန္ဒရှင်များအနက် အနည်းဆုံး တစ်ရာခိုင်နှုန်းတို့က တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်နှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် ပါဝင်သည့် အစီရင်ခံစာကို သက်ဆိုင်ရာပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌများမှတစ်ဆင့် လွှတ်တော်နာယကထံသို့ အသိပေးတင်ပြရမည်။

ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၀ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် - အပိုဒ် ၁၀၊ ပုဒ်မ ၁၁-ဂ အား ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အပိုဒ် ၁၂

၁၂။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၄ ကို အောက်ပါအတိုင်းအစားထိုးရမည် -

(ခ) ပုဒ်မခွဲ(က)အရ တာဝန်ပေးအပ်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေး အဖွဲ့သည် လွှတ်တော် ပထမပုံမှန် အစည်းအဝေးသို့ တက်ရောက်လာသော ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအား ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က အသိအမှတ်ပြုလွှာထုတ်ပေးထားခြင်း ရှိ/မရှိ ကို လည်းကောင်း၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်တွင် ကတိသစ္စာပြုပြီးခြင်း ရှိ/မရှိကို လည်းကောင်း စိစစ်အတည်ပြုရမည်။

(ဂ) နာယကသည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး များတွင် လွှတ်တော်အခွင့်အရေး ကော်မတီများ ဖွဲ့စည်းပြီးနောက် လွှတ်တော် ကိုယ်စားလှယ် စိစစ်ရေးကော်မတီကို ယင်းလွှတ်တော် အခွင့်အရေးကော်မတီနှစ်ရပ် မှ သင့်လျော်သော ကော်မတီဝင်များဖြင့် ဖွဲ့စည်းပြီး လွှတ်တော်ကိုယ်စားလှယ် စိစစ် အတည်ပြုရေး လုပ်ငန်းတာဝန်ကို ဆက်လက်ဆောင်ရွက်စေရမည်။

(ဃ) လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးအဖွဲ့သည် ပုဒ်မခွဲ(ဂ)အရ ဖွဲ့စည်းပြီးသော လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီသို့ မိမိ၏ လုပ်ငန်းတာဝန်များကို လွှဲအပ်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၂ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အပိုဒ် ၁၃

၁၃။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၀ ၏ နောက်တွင် အောက်ပါ ပုဒ်မကို ပုဒ်မ ၂၀-က အဖြစ် ဖြည့်စွက်ရမည် -

လွှတ်တော်ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားခြင်းနှင့် ခွင့်မဲ့ပျက်ကွက်ခြင်း

၂၀-က။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် -

(ခ) နာယက၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံး ရက်ပေါင်း ၁၅ ရက် တစ်ဆက်တည်း ပျက်ကွက်လျှင် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၁၃၀ နှင့် ပုဒ်မ ၁၅၅ တို့နှင့်အညီ ဆောင်ရွက်ရန် ပြည်သူ့ လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ အကြောင်းကြား ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၃ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အပိုဒ် ၁၄

၁၄။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ(ခ)ကို အောက်ပါအတိုင်း ပြင်ဆင် ဖြည့်စွက်ရမည် -

၂၁။ (ခ) နိုင်ငံတော်သမ္မတက ပေးပို့သောသဝဏ်လွှာနှင့် နာယကကခွင့်ပြုသော အခြား သဝဏ်လွှာများကို ဖတ်ကြားခြင်း၊ ဆွေးနွေးခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် အတည် ပြုခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၄ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အပိုဒ် ၁၅

ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၏ တင်ပြခွင့်

၂၆။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည် -

(က) နာယက၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့်သက်ဆိုင်သောဥပဒေကြမ်းများ၊အဆိုများ၊မေးခွန်းများသို့မဟုတ် အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

(ခ) လွှတ်တော်က ဖွဲ့စည်းသည့် ပူးပေါင်းကော်မတီ၊ အခြားကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တစ်ရပ်ရပ်၏ အစည်းအဝေးသို့ယင်းကော်မတီ အကြီးအမှူး၏ ခွင့်ပြုချက်ဖြင့် တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၅ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် - အပိုဒ် ၁၆

၁၆။ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၃၁၊ ၃၂၊ ၃၄၊ ၃၅၊ ၃၆၊ ၃၉ နှင့် ၄၀ တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

၃၁။ လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၉၊ ပုဒ်မခွဲ(ခ)နှင့်အညီ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ ဦးရေကို လည်းကောင်း၊ ပုဒ်မ ၃၉၈၊

ပုဒ်မခွဲ(က)နှင့်အညီ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်ဦးရေကို လည်းကောင်း၊ ပုဒ်မ ၂၀၂၊ ပုဒ်မခွဲ(က) နှင့်အညီ ပြည်ထောင်စု အစိုးရဝန်ကြီးဌာန အရေအတွက်ကို လည်းကောင်း၊ ပုဒ်မ ၂၀၂၊ ပုဒ်မခွဲ(ခ)နှင့်အညီ ပြည်ထောင်စု ဝန်ကြီးဦးရေကို လည်းကောင်း သတ်မှတ်ရေးအတွက် နိုင်ငံတော်သမ္မတ၏ တင်ပြချက်နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရမည်။

၃၂။ လွှတ်တော်သည် ပုဒ်မ ၃၁ အရ ဆုံးဖြတ်သတ်မှတ်ထားသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ ဦးရေ သတ်မှတ်ချက်ကို လည်းကောင်း၊ ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာန အရေအတွက်နှင့် ပြည်ထောင်စုဝန်ကြီး ဦးရေကို လည်းကောင်း၊ အခါအားလျော်စွာ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ဦးရေကိုတိုးခြင်း၊ လျှော့ခြင်း ပြုလုပ်လိုကြောင်း နိုင်ငံတော်သမ္မတ၏ တင်ပြချက်နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရမည်။

၃၄။ နာယကသည် နိုင်ငံတော်သမ္မတ က အောက်ပါပြည်ထောင်စုအဆင့် အဖွဲ့ဝင် ပုဂ္ဂိုလ်များကို ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၂၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၂၃၇၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၂၄၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၂၉၉၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၁)၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲငယ်(၁)၊ ပုဒ်မ ၃၂၀ နှင့် ပုဒ်မ ၃၉၈၊ ပုဒ်မခွဲ(က) တို့နှင့်အညီ အမည်စာရင်း အဆိုပြုချက်နှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက် ရယူရမည် -

(က) ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊

(ခ) နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊

(ဂ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊

(ဃ) ပြည်ထောင်စုဝန်ကြီးများ၊

(င) ပြည်ထောင်စုရှေ့နေချုပ်၊

(စ) ပြည်ထောင်စုစာရင်းစစ်ချုပ်။

၃၅။ လွှတ်တော်သည် နိုင်ငံတော်သမ္မတ က ပုဒ်မ ၃၄ အရ တင်ပြသော အမည်စာရင်းပါ ပုဂ္ဂိုလ်များအား ဖွဲ့စည်းပုံအခြေခံဥပဒေပါ အရည်အချင်းများနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက သက်ဆိုင်ရာပုဂ္ဂိုလ်အား ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့် မရှိစေရ။

၃၆။ နိုင်ငံတော်သမ္မတ က ပုဒ်မ ၃၄ အရ တင်ပြသော အမည်စာရင်းပါ ပုဂ္ဂိုလ်များအနက် လွှတ်တော်၏ သဘောတူညီချက်မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို လွှတ်တော်သို့ ထပ်မံ တင်ပြခွင့်ရှိသည်။

**ဥက္ကဋ္ဌ**။ ။ ၃၆ မှာ နိုင်ငံတော်သမ္မတသည်ပဲ ဖြစ်ရမယ်။ က လို့သွားပြင်တဲ့အတွက် ပြုလုပ်သူ ပျောက်သွားတယ်နော်။ ဟုတ်တယ်မဟုတ်လား။ နိုင်ငံတော်သမ္မတသည်ပဲ ဖြစ်ရမယ်။

နိုင်ငံတော်သမ္မတ က ပုဒ်မ ၃၄ အရ တင်ပြသော ဖြစ်တယ်အခါကျတော့ အမည်စာရင်းပါ ပုဂ္ဂိုလ်များ အနက် လွှတ်တော်၏သဘောတူညီချက်မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို လွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်ဆိုတော့ ဘယ်သူတင်သွင်းရမှာလဲ မသိတော့ဘူး။ က ဖြစ်တဲ့ အတွက် သည် ဆိုမှ နိုင်ငံတော်သမ္မတ က တင်သွင်းရမယ်။ သည်နဲ့မှ ဖြစ်မယ်။ နော် ဒါ သွားမပြင်နဲ့ မူလက သည် မဟုတ်လား၊ သည် လို့ ပြင်လိုက်နော်၊ ပြင်ဆင်ချက်ကို သည် လို့ ပြင်လိုက်။ မြန်မာစာရေးထုံးမှား နေတာ။

၃၆။ နိုင်ငံတော်သမ္မတ သည် ပုဒ်မ ၃၄ အရ တင်ပြသော အမည်စာရင်းပါ ပုဂ္ဂိုလ်များအနက် လွှတ်တော်၏ သဘောတူညီချက်မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို လွှတ်တော်သို့ ထပ်မံ တင်ပြခွင့်ရှိသည်။

၃၉။ လွှတ်တော်သည် နိုင်ငံတော်သမ္မတက ယင်း၏ သက်တမ်း အတွင်း ပုဒ်မ ၃၁ နှင့် ၃၂ တို့ပါ ကိစ္စများနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူရန် တင်ပြလာလျှင် အဆုံးအဖြတ်ပေးရမည်။

၄၀။ လွှတ်တော်သည် နိုင်ငံတော်သမ္မတက ယင်း၏ သက်တမ်းအတွင်း ပုဒ်မ ၃၄ ပါ ပြည်ထောင်စုအဆင့် အဖွဲ့ဝင်တစ်ဦးဦးအား ခန့်အပ်တာဝန်ပေးနိုင်ရေးကိစ္စအတွက် လွှတ်တော်၏ သဘောတူညီချက်ရယူရန်တင်ပြလာလျှင် အဆုံးအဖြတ်ပေးရမည် ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၆ ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် - အပိုဒ် ၁၈

၁၈။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၃ ၏ နောက်တွင် အောက်ပါ ပုဒ်မကို ပုဒ်မ ၄၃-က အဖြစ် ဖြည့်စွက်ရမည် -

၄၃-က။ ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ် လေ့လာစိစစ်ရန် လိုအပ်ပါက ဥပဒေကြမ်းပူးပေါင်းကော်မတီအား

လေ့လာစိစစ်စေခြင်း၊ ယင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဥပဒေကြမ်းနှင့်အတူ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြဆောင်ရွက်စေခြင်းတို့ကို ပြုနိုင်သည် ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၈ ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အပိုဒ် ၂၀

၂၀။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၈၃ ကို အောက်ပါအတိုင်းအစားထိုးရမည် -

၈၃။ (က) ပြည်ထောင်စုလွှတ်တော်ရုံးသည် လွှတ်တော်၏ ရုံးလုပ်ငန်းနှင့် လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအတွက် နှစ်စဉ်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ခန့်မှန်းခြေ ငွေစာရင်းကို ရေးဆွဲပြုစုပြီး ဘဏ္ဍာရေးကော်မရှင်နှင့် လွှတ်တော်သို့ တင်ပြရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၀ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် - အပိုဒ် ၂၂

၂၂။ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၈၄ ၏ နောက်တွင် အောက်ပါ ပုဒ်မများကို ပုဒ်မ ၈၄-က၊ ၈၄-ခ နှင့် ၈၄-ဂ အဖြစ် ဖြည့်စွက်ရမည် -

**ဥက္ကဋ္ဌ**။ ။ ၈၄-ခ။ ၈၄ (က)က မပါဘူးလား။

၈၄-ခ။ နာယကသည် လွှတ်တော်ရေးရာကိစ္စများကို ပိုမိုထိရောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ကို လွှတ်တော်၏ သဘောတူညီချက် ဖြင့် ဖွဲ့စည်းနိုင်သည်။

၈၄-ဂ။ လွှတ်တော်သည် လွှတ်တော်ရေးရာကိစ္စများနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ လွှတ်တော်များ၊ ပြည်တွင်းပြည်ပ လွှတ်တော်ဆိုင်ရာအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်သည် ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၂ ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၂၄ တို့သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၂၄ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခု အဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

## ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) (အတွင်းရေးမှူး၊ ဥပဒေကြမ်း ကော်မတီ)က ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၁း၄၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(ခ) အရ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်း ကော်မတီ) က အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၂။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ ရိုသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး၊ ကော်မရှင်အဖွဲ့ဝင် ပညာရှင်ကြီးများအားလုံးနဲ့ ယနေ့အစည်းအဝေးကို ကြွရောက်လာတဲ့ ဒုတိယဝန်ကြီးတို့ကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ အမျိုးသားလွှတ်တော် နည်းဥပဒေ ၁၅၈(ခ)အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၊ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး ကနေပြီးတော့ အဆို တင်သွင်းမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၄၂။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ် ပါတယ်။

**အချိန်၊ ၁၁း၄၃။**

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန်အဆိုတင်သွင်းသွားခြင်းကို ကျွန်တော် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀) မှ ဦးနု က ထောက်ခံပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၄၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအဆိုမှာ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ထားတဲ့အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည် ဖြစ်သည်။ (သြဘာသံများ)

# အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၁း၄၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၄။**

**ဦးစောမော်ထွန်း (ဥပဒေကြမ်းကော်မတီဝင်)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စု ဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များ အားလုံးကျက်သရေ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းများ တောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုလွှတ်တော်က ၂၇-၅-၂၀၁၃ ရက်နေ့တွင် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးနိုင်ရန်ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကို ဖိတ်ခေါ်၍ အကြိမ်ကြိမ်ညှိနှိုင်းခဲ့ပြီး လိုအပ်ချက်များကို မေးမြန်းဆွေးနွေးခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကြမ်းအပေါ် လေ့လာစိစစ်ရာ၌ အောက်ပါအတိုင်းတွေ့ရှိရပါသည် -

(က) ဤဥပဒေကြမ်းကို အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများတွင် ကျင့်သုံးဆောင်ရွက် လျက် ရှိသော စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ ဥပဒေ ပြဋ္ဌာန်းချက်များ ကို လေ့လာသုံးသပ်ပြီး မြန်မာနိုင်ငံတွင်လည်း စားသုံးသူများ၏ အခွင့်အရေးကို ခိုင်မာစွာ အကာအကွယ်ပြုပေးနိုင်ရန် ရည်ရွယ်ရေးဆွဲထားခြင်း ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းရှင်များက ယင်းတို့၏ အကျိုးစီးပွားကိုသာ ရှေးရှုပြီး စားသုံးသူပြည်သူများအပေါ်တွင် မသမာသော နည်းလမ်းများ ကျင့်သုံးဆောင်ရွက် ခြင်း မပြုနိုင်ရန်ကိုလည်းကောင်း၊ အငြင်းပွားမှုများ ပေါ်ပေါက်လာပါကလည်း စီးပွားရေးလုပ်ငန်းရှင်နှင့် စားသုံးသူတို့အကြား ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်

စပ်လျဉ်း၍ ညှိနှိုင်းဖြေရှင်းပေးနိုင်ရန်အတွက်လည်းကောင်း နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ပြုစုရေးဆွဲထားသည်ကို လေ့လာတွေ့ရှိရပါသည်။

(ခ) ဥပဒေကြမ်းကော်မတီသည် ဤဥပဒေကြမ်းတွင် ပုဒ်မ ၂၊ ပုဒ်မခွဲ(က) စားသုံးသူ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ရှင်းလင်းတိကျမှုရှိစေရန်အတွက် စားသုံးသူ ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ကုန်သွယ်ရောင်းဝယ်မှုအတွက် မဟုတ်ဘဲ စားသောက်ခြင်း သို့မဟုတ် သုံးစွဲခြင်း ပြုသူကိုဆိုသည်ဟု ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ) လိမ်လည်မှုနှင့် ပုဒ်မ ၂၊ ပုဒ်မခွဲ(ဈ) လှည့်စားမှုတို့ကို အဓိပ္ပာယ် တူညီသဖြင့် တစ်ပေါင်းတစ်စည်းတည်း လိမ်လည်လှည့်ဖြားမှု ဟု ပြင်ဆင်ပြီး ပုဒ်မခွဲ(ည)အဖြစ်လည်းကောင်း၊ ထို့ပြင် မူလဥပဒေကြမ်း ပုဒ်မ ၂၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များတွင် အဓိပ္ပာယ် ပိုမိုတိကျမှုရှိစေရန်အတွက် ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲ(ဆ)၊ ပုဒ်မခွဲ(ည)၊ ပုဒ်မခွဲ(ဋ)၊ ပုဒ်မခွဲ(ဍ) တို့ကို စာသားများ ပြင်ဆင်ပြီး အစီအစဉ်တကျ ပြောင်းလဲအမှတ်စဉ်သင့်ကြောင်း၊ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဏ) ဗဟိုစားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အစား စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဟု ပြင်ဆင်ပြီး ပုဒ်မခွဲ(ဎ) အဖြစ်လည်းကောင်း၊ ပုဒ်မ ၂၊ ပုဒ်မခွဲ(ထ)၊ ဦးဆောင်ကော်မတီ အစား ဗဟိုကော်မတီ ဟု ပြင်ဆင်ပြီး ပုဒ်မခွဲ(တ)အဖြစ် လည်းကောင်း စကားရပ်များဖြင့် ပြင်ဆင်သင့်ကြောင်းတွေ့ရှိရပါသည်။ ပုဒ်မ ၂၊ ပုဒ်မခွဲ(ထ) အဖြစ် ဦးစီးဌာန ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အသစ်ထည့်သွင်းသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ဤဥပဒေကြမ်း ပုဒ်မ ၅ တွင် ပုဒ်မခွဲ(ဍ) အဖြစ် တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းထားပြီးဖြစ်သည့် အစိုးရမဟုတ်သော စားသုံးသူ အကာအကွယ်ပေးရေး အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ဟု ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်တစ်ရပ်အဖြစ် အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။ မူလဥပဒေကြမ်း ပုဒ်မ ၁၃ ကို ပုဒ်မ ၇ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၈) ၏ နောက်တွင် ပုဒ်မခွဲငယ်(၉)အဖြစ် စားသုံးသူအငြင်းပွားမှုကို သက်ဆိုင်ရာမှ ဖြေရှင်း နေစဉ် လူထုဆက်သွယ်ရေး နည်းလမ်းများဖြင့် ဖြစ်စေ၊ အခြားနည်းလမ်းများဖြင့် ဖြစ်စေ သက်ဆိုင်ရာ စားသုံးသူအပေါ် ထိခိုက်နစ်နာစေရန် ပြောဆိုခြင်း၊ ရေးသားခြင်းနှင့် ပြုမူခြင်းတို့ကို ရှောင်ကြဉ်ခြင်း ဟု အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) မူလဥပဒေကြမ်း ပုဒ်မ ၁၄ ကို ပုဒ်မ ၈ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ပုဒ်မ ၈၊ ပုဒ်မခွဲ(ဈ) အဖြစ် သက်ဆိုင်ရာ ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်ပေါ်တွင်

ဖော်ပြထားသော အခြေအနေ၊ အာမခံချက်၊ ထူးခြားချက်၊ ကာလသတ်မှတ်ချက်၊ အကျိုး သက်ရောက်မှုတို့နှင့် ကိုက်ညီမှုမရှိသော ဝန်ဆောင်မှု ဟု လည်းကောင်း၊ ပုဒ်မခွဲ(ည)အဖြစ် ကြော်ငြာနှင့် အရောင်းမြှင့်တင်ရေးတို့တွင် ပါဝင်သော ဖော်ပြချက်တို့နှင့် ကိုက်ညီမှုမရှိသော ဝန်ဆောင်မှု ဟု လည်းကောင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိခဲ့ပါသည်။

(င) စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များတွင် မူလဥပဒေကြမ်း ပုဒ်မ ၈ ကို ပုဒ်မ ၁၇ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ဃ)အဖြစ် ဗဟိုကော်မတီက အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ဆောင်ရွက်ခြင်း ဟု အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့က အရေးယူဆောင်ရွက်ရာတွင် မူလဥပဒေကြမ်း ပုဒ်မ ၂၆ ကို ပုဒ်မ ၁၉ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဃ) အဖြစ် အငြင်းပွားလျက်ရှိသော ကုန်စည်ကို ရောင်းချဖြန့်ဖြူးခြင်းအား ကာလအကန့်အသတ်ဖြင့် တားမြစ်ခြင်း ဟု အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ဤအခန်း၌ပင် ပုဒ်မ ၂၂ အဖြစ် ဦးစီးဌာနသည် ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ချမှတ်ထားသော အမိန့်အရ လျော်ကြေးပေးဆောင်ရန် ပျက်ကွက်သူအပေါ် ဝင်ငွေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရ ကောက်ခံခွင့်ရှိသည်။ ထိုသို့ ကောက်ခံရာတွင် သင့်လျော်သော အရာရှိတစ်ဦးဦးကို ကော်လိတ်တော် အရာရှိအဖြစ် ခန့်အပ်တာဝန်ပေးနိုင်သည် ဟု အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိခဲ့ပါသည်။

(စ) အထွေထွေအခန်းတွင် ပုဒ်မ ၂၆ အဖြစ် စီးပွားရေးလုပ်ငန်းရှင်သည် ပုဒ်မ ၉ ပါ ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်ချက်မရှိကြောင်း သက်သေပြရန် တာဝန်ရှိသည် ဟု အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။ စံချိန်စံညွှန်းဆိုင်ရာ ဓာတ်ခွဲ စမ်းသပ်မှုအတွက် ပုဒ်မ ၂၉ အဖြစ် -

၂၉ (က) ဗဟိုကော်မတီသည် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ/မရှိ ဓာတ်ခွဲစမ်းသပ်သည့် ဌာနနှင့် အဖွဲ့အစည်းများကို အသိအမှတ်ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ဗဟိုကော်မတီက အသိအမှတ်ပြုသော ဌာနနှင့် အဖွဲ့အစည်း တစ်ခုခု၏ ဓာတ်ခွဲစမ်းသပ်စစ်ဆေးချက်သည် သက်သေခံချက် ဖြစ်စေရမည်။

ဟု အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။ စားသုံးသူအကာအကွယ်ပေးရေး အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ပုဒ်မ ၃၀ အဖြစ်

စားသုံးသူအငြင်းပွားမှုများကို ဆုံးဖြတ်ဖြေရှင်းဆောင်ရွက်ရာတွင် လိုအပ်ပါက တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းထားသော အစိုးရမဟုတ်သော စားသုံးသူ အကာအကွယ်ပေးရေး အသင်းအဖွဲ့များနှင့် ပူးပေါင်း၍ အကြံဉာဏ်များကို ရယူဆောင်ရွက်နိုင်သည် ဟု အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိခဲ့ပါသည်။

(ဆ) မူလဥပဒေကြမ်း ပုဒ်မ ၇၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)တို့ကို ပုဒ်မ ၁၆ အဖြစ် ဗဟိုကော်မတီသည် စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရန်နှင့် စားသုံးသူများ၏ အငြင်းပွားမှုဆိုင်ရာကိစ္စများ ဖြေရှင်းနိုင်ရေးအတွက် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့များကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် ဟု ပြင်ဆင် ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဇ) မူလဥပဒေကြမ်း၏ အခန်း(၁၁) အခန်းခေါင်းစဉ်ကို စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ အရေးယူပိုင်ခွင့် ဟု စာသား ပြောင်းလဲပြင်ဆင်ပြီး အခန်း(၁၀) ခေါင်းစဉ်အဖြစ် လည်းကောင်း၊ အဆိုပါအခန်းတွင် မူလက ဖော်ပြထားသည့် စီမံခန့်ခွဲမှုနည်းလမ်းဖြင့် အရေးယူခြင်းဆိုသည့် စကားရပ်များသည် ခေတ်စနစ်နှင့် မလျော်ညီတော့၍ ပြင်ဆင်ပြောင်းလဲ ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဈ) မူလဥပဒေကြမ်း၏ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၆၊ ပုဒ်မ ၉၊ ပုဒ်မ ၁၀၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၅)၊ (၇)နှင့် ပုဒ်မခွဲငယ်(၈)၊ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၅)၊ ပုဒ်မ ၁၄၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မ ၂၃၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅ တို့ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။ မူလဥပဒေကြမ်း၏ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၂)နှင့် ပုဒ်မခွဲငယ်(၃)တို့ကို နည်းဥပဒေတွင်သာ ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။ မြန်မာစာအရေးအသား ဆီလျော်မှုရှိစေရန်၊ ဥပဒေရေးထုံးနှင့် ညီညွတ်မှုရှိစေရန်နှင့် စာသားများ ပြည့်စုံမှုရှိစေရန်အတွက်လည်း ဥပဒေကြမ်း၏ လိုအပ်သည့် နေရာများတွင် ဆီလျော်သလို ပြင်ဆင်ဖြည့်စွက် သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ည) မူလဥပဒေကြမ်း၏ အထားအသို အစီအစဉ်ကျနမှု ရှိစေရန်အတွက် အခန်း(၅)ကို အခန်း(၈)အဖြစ်လည်းကောင်း၊ အခန်း(၇)ကို အခန်း(၅)အဖြစ်လည်းကောင်း၊ အခန်း(၈)ကို အခန်း(၆) အဖြစ်လည်းကောင်း၊ အခန်း(၉)ကို အခန်း(၇)အဖြစ်လည်းကောင်း၊ အခန်း(၁၀)ကို အခန်း(၉)အဖြစ် လည်းကောင်း၊ အခန်း(၁၁)ကို အခန်း(၁၀) အဖြစ်လည်းကောင်း၊ အခန်း(၁၂)ကို အခန်း(၁၁)အဖြစ်လည်းကောင်း၊ အခန်း(၁၃)ကို အခန်း(၁၂)အဖြစ်လည်းကောင်း အစီအစဉ်များ ပြောင်းလဲစီစဉ်သင့်ပါသည်။ စားသုံးသူအကာအကွယ်ပေးရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း ဆောင်ရွက်မှု

တို့အတွက်လည်း ထည့်သွင်းပြဋ္ဌာန်းထားပြီး ဖြစ်သဖြင့် အခန်း(၆)ကို ပယ်ဖျက်ရန် ညှိနှိုင်း ဆုံးဖြတ်ခဲ့ ကြပါသည်။ အခန်းများ ပြောင်းလဲသွားသည့်အတွက် ပုဒ်မများ၏ အစီအစဉ်ကိုလည်း တစ်ပါတည်း ပြောင်းလဲအမှတ်စဉ်ရန် လိုအပ်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ နှင့် ညှိနှိုင်းဆွေးနွေးခဲ့ပြီး လိုအပ်သည်များကို ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်၍ ဥပဒေကြမ်း ကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက်များအပေါ် အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် တင်ပြ အပ်ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ။

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက နောက်ဆုံးပြင်ဆင်ချက်တွေကို သက်ဆိုင်ရာ ဝန်ကြီးဌာနကို အသိပေးပြီးပြီလား။ ပေးပြီးပြီနော်။ ဒုတိယဝန်ကြီးအနေနဲ့ ဒီဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုဖို့ အဆင်သင့်ဖြစ်နေပါပြီ။ အခု ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာနဲ့ ပတ်သက်ပြီးတော့ ကျေကျေလည်လည် ရှိပြီလား။ အခု ဆုံးဖြတ်လိုက်လို့ ရပြီလား။ ဆိုင်းငံ့ပေးရမယ် ဆိုရင်လည်း (တနင်္လာနေ့) ရွှေ့ပေးဆိုလည်း ရွှေ့ပေးပါမယ်။

**အချိန်၊ ၁၁း၅၅။**

**ဒေါက်တာပွင့်ဆန်း ( ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ခုနက ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များကို ကျွန်တော်တို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနအနေနဲ့ သဘောတူပါကြောင်း တင်သွင်းအပ်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက စားသုံးသူအကာအကွယ်ပေးရေးဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုရန် အမျိုးသား လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂)ကိုဆောင်ရွက်ပါမယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကြမ်းကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင် ကြောင်း ကြေညာခဲ့သော်လည်းဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက် -

စားသုံးသူအကာအကွယ်ပေးရေးဥပဒေ
( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ။ )
၁၃၇၅ ခုနှစ် လ ရက်
(၂၀၁၃ ခုနှစ် ၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ်ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၁)၊ အပိုဒ် ၂(က)(ခ)(ဂ)(ဆ)(ဇ)(ဈ)(ည)(ဋ)(ဎ)(ဏ)(ထ)

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) စားသုံးသူ ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ကုန်သွယ် ရောင်းဝယ်မှု အတွက် မဟုတ်ဘဲ စားသောက်ခြင်း သို့မဟုတ် သုံးစွဲခြင်း ပြုသူကိုဆိုသည်။

( ခ ) စားသုံးသူအကာအကွယ်ပေးရေး ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ စားသုံးသူအား ဥပဒေဆိုင်ရာ အကာအကွယ်ပေးရေး၊ ကျန်းမာရေးနှင့် ဘေးဥပဒ်အန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အာမခံချက် ပေးရေးကို ဆိုသည်။

( ဂ ) ကုန်စည် ဆိုသည်မှာ လူအများ အသုံးပြုနိုင်ရန်နှင့် စားသုံးရန်တို့အတွက် ထိတွေ့ နိုင်သော သို့မဟုတ် အပြည့်အဝ မထိတွေ့နိုင်သော၊ ရွှေ့ပြောင်းနိုင်သော သို့မဟုတ် မရွှေ့ပြောင်းနိုင်သော၊ စားသုံးနိုင်သော သို့မဟုတ် မစားသုံးနိုင်သော ကုန်သွယ်နိုင် သည့် အရာကို ဆိုသည်။

(ဆ) ထုတ်လုပ်သူ ဆိုသည်မှာ ကုန်စည်ကို အစိတ်အပိုင်းအလိုက်ဖြစ်စေ၊ တစ်စုတစ်စည်း တည်းဖြစ်စေ၊ ထုတ်လုပ်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ ကုန်ချောအဖြစ် ထုတ်လုပ်ခြင်း၊

ကုန်စည်အပေါ်တွင် ကိုယ်ပိုင်တံဆိပ်အမှတ်အသားများ တပ်ဆင်ခြင်း သို့မဟုတ် တပ်ဆင်စေခြင်း တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ပမှ ကုန်စည်ကို တင်သွင်းသူလည်း ပါသည်။

(ဇ) စီးပွားရေးလုပ်ငန်းရှင် ဆိုသည်မှာ ကုန်စည်ကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ပြည်ပမှ တင်သွင်းခြင်း၊ ပြန်လည်ရောင်းချခြင်းကိုဖြစ်စေ၊ ဝန်ဆောင်မှုပေးခြင်းကိုဖြစ်စေ၊ ကြော်ငြာလုပ်ငန်း လုပ်ကိုင်ခြင်းကိုဖြစ်စေ တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်း နှင့်သော်လည်းကောင်း ဆောင်ရွက်သူကို ဆိုသည်။

( ဈ ) ထုတ်ကုန် ဆိုသည်မှာ စျေးကွက်အတွင်းသို့ ဖြန့်ဖြူးရန် ရည်ရွယ်သည့် ထုတ်လုပ်မှုဖြစ်စဉ်အဆင့်ဆင့်မှ ရရှိသော ကုန်စည်ကိုဆိုသည်။

(ည) လိမ်လည်လှည့်ဖြားမှု ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ စားသုံးသူ ထင်ယောင်ထင်မှား ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် မှားယွင်းသော ဖော်ပြမှုကို ဖြစ်စေ၊ မမှန်ကန်သော ကြော်ငြာကိုဖြစ်စေ သဘောရိုးဖြင့် ဆောင်ရွက်ခြင်း မဟုတ်သည့် ပြုလုပ်မှုကိုလည်းကောင်း၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်းသည့် သဘာဝအရည်အသွေးကိုဖြစ်စေ၊ ထုတ်လုပ်မှု ဖြစ်စဉ်ကိုဖြစ်စေ၊ ဆောင်ရွက်မှုဖြစ်စဉ်ကို ဖြစ်စေ၊ ဝိသေသလက္ခဏာကိုဖြစ်စေ၊ သတ်မှတ်ထားသော စံချိန်စံညွှန်းကို ဖြစ်စေ၊ ရည်ရွယ်ချက်ကိုဖြစ်စေ၊ အရေအတွက်ကိုဖြစ်စေ အများပြည်သူက ယုံကြည်မှုလွဲမှားစွာ လက်ခံရန် မရိုးမဖြောင့်သော သဘောဖြင့် ပြုလုပ်မှုကို လည်းကောင်း ဆိုသည်။

(ဋ) ဘေးဥပဒ်အန္တရာယ် ကင်းရှင်းမှုမရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု ဆိုသည်မှာ စားသုံးသူများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သော၊ ဘေးဥပဒ် အန္တရာယ် ရှိစေနိုင်သော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဆိုသည်။

(ဎ) စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဆိုသည်မှာ စီးပွားရေး လုပ်ငန်းရှင်နှင့် စားသုံးသူတို့အကြား ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ ဖြစ်ပွားသော အငြင်းပွားမှုကို ညှိနှိုင်းဖြေရှင်းပေးရန် ဤဥပဒေအရ ဖွဲ့စည်းသောအဖွဲ့ကို ဆိုသည်။

(တ) ဗဟိုကော်မတီ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော စားသုံးသူ အကာအကွယ်ပေးရေးဗဟိုကော်မတီ ကို ဆိုသည်။

(ထ) ဦးစီးဌာနဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနကို ဆိုသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(က)(ခ) (ဂ) (ဆ)(ဇ) (ဈ) (ည) (ဌ)(ဍ)(ဏ)(ထ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(က)(ခ) (ဂ) (ဆ) (ဇ) (ဈ) (ည) (ဋ) (ဎ) (တ) (ထ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၂)၊ အပိုဒ် ၃(က)(ဃ)(င)

၃။ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) စားသုံးသူတို့သည် မိမိတို့၏ အခွင့်အရေးများကို သိရှိနားလည်၍ တောင်းဆိုရယူနိုင်ရန်နှင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို သုံးစွဲရာတွင် လိမ်လည်လှည့်ဖြားမှုတို့ မခံရစေရန်၊

(ဃ) စီးပွားရေးလုပ်ငန်းရှင်တို့က စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းအပေါ် အလေးထားလိုက်နာခြင်းဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရိုးသားပြီးတာဝန်ယူမှု ရှိသော အပြုအမူများ ဖြစ်ပေါ်စေရန်၊

(င) စားသုံးသူတို့၏ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ စိတ်ကျေနပ်မှုရရှိစေရေးတို့အတွက် အာမခံချက်ပေးနိုင်သည့် အရည်အသွေးမြင့်မားသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု ဖော်ဆောင်ဖြည့်ဆည်းပေးရန် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃(က)(ဃ)(င) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃(က)(ဃ)(င) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၃)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၄(က)(ခ)

အခန်း(၃)

ဗဟိုကော်မတီဖွဲ့စည်းခြင်း

၄။ (က) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းများမှ အကြီးအကဲများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူများက အဖွဲ့ဝင်များ အဖြစ်လည်းကောင်း၊ ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းခံရသူများက အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး အဖြစ်လည်းကောင်း ပါဝင်သည့် စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီကို ဖွဲ့စည်းရမည်၊

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော ဗဟိုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၃)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၄(က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၄(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၄)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၅(ဃ)(စ)(ဇ)(ည)(ဋ)(ဌ)(ဍ)

အခန်း(၄)

ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များ

၅။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(ဂ) ကုန်စည်၊ ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ စားသုံးသူဘေးဥပဒ်အန္တရာယ် ကင်းရှင်းရေးအတွက် ကွင်းဆင်းလေ့လာဆောင်ရွက်ခြင်း၊

(င) စားသုံးသူ အကျိုးစီးပွားအတွက် လူထုဆက်သွယ်ရေး နည်းလမ်းများဖြင့် သတင်းဖြန့်ဝေပေးခြင်းနှင့် စားသုံးသူတို့၏ သဘောထားကို ရယူခြင်း၊

(ဆ) စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းနှင့်စပ်လျဉ်းပြီး စစ်တမ်းများကောက်ယူ၍ သုတေသနပြုခြင်းနှင့် ယင်း သုတေသနပြုမှုများကို ပြန်လည်သုံးသပ်၍ စားသုံးသူများ၏ အကျိုးအတွက် လိုအပ်သလို ဆောင်ရွက်ပေးခြင်း၊

(ဈ) ဘေးဥပဒ်အန္တရာယ်ရှိသော စားသုံးရန်မသင့်သည့် ကုန်စည်နှင့်စပ်လျဉ်း၍ တားမြစ်နိုင်ရန် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများသို့ အကြောင်းကြားခြင်း၊

(ည) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု စံချိန်စံညွှန်းကျွမ်းကျင်မှု အဖွဲ့များနှင့် ဓာတ်ခွဲခန်းများကို လိုအပ်ပါက သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းပေးနိုင်ရန် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဋ) စားသုံးသူအကျိုးစီးပွားကို အကာအကွယ်ပေးရန်နှင့် ယင်းတို့၏ အရေးကိစ္စများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် စီးပွားရေးလုပ်ငန်းရှင်များကို ပညာပေးခြင်း၊

(ဌ) စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့က ချမှတ်သော စီမံခန့်ခွဲရေး ပြစ်ဒဏ်အပေါ် အယူခံမှုကို အဆုံးအဖြတ်ပေးခြင်း၊

(ဍ) တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းပြီးဖြစ်သည့် အစိုးရမဟုတ်သော စားသုံးသူ အကာအကွယ်ပေးရေး အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၅(ဃ)(စ)(ဇ)(ည)(ဋ)(ဌ)(ဍ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၅(ဂ)(င)(ဆ)(ဈ)(ည)(ဋ)(ဌ)(ဍ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် - အခန်း(၄)၊ အပိုဒ် ၅(ခ)၊ အပိုဒ် ၆၊

အခန်း(၆)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၉၊ ၁၀၊ ၁၁

အခန်း(၇)၊ အပိုဒ် ၁၂(က)(၅)(၇)(၈)(ခ)(၂)(၃)

အခန်း(၈)၊ အပိုဒ် ၁၃(က)(၅)

အခန်း(၉)၊ အပိုဒ် ၁၄(ဂ)၊ ၁၆(ဃ)

အခန်း(၁၀)၊ အပိုဒ် ၂၃၊ ၂၄၊ ၂၅ တို့အား ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည်ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၇)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၂(က)(၁)(၂)(၄)၊ (ခ)(၁)(၄)(၆)

အခန်း(၅)

စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်များ

၆။ (က) စားသုံးသူ၏အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဘေးဥပဒ်အန္တရာယ် ကင်းရှင်းစွာ အသုံးပြုနိုင်ခြင်း၊

(၂) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရွေးချယ်နိုင်ခြင်းနှင့် ဝန်ခံကတိပြုထားသော တန်ဖိုး၊ စည်းကမ်းချက်များ၊ အာမခံမှုတို့နှင့်အညီ ရယူနိုင်ခြင်း၊

(၄) စားသုံးသူ အသုံးပြုသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်းသည့် အငြင်းပွားမှုအပေါ် ကြားနာဖြေရှင်းပေးရန် အရေးဆိုတိုင်တန်းနိုင်ခြင်း၊ စားသုံးသူ အကာအကွယ်ပေးမှုများ ရရှိနိုင်ခြင်းနှင့် မှန်ကန်သော ဖြေရှင်းမှုရရှိနိုင်ခြင်း၊

(ခ) စားသုံးသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်ဖော်ပြထားသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုဆိုင်ရာ သတင်းအချက်အလက်နှင့် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်း၊

(၂) စားသုံးသူ အငြင်းပွားမှုများတွင် သင့်လျော်စွာ ဖြေရှင်းပေးသည့် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်များကို လိုက်နာခြင်း၊

(၄) စားသုံးသူအငြင်းပွားမှုကို သက်ဆိုင်ရာမှ ဖြေရှင်းနေစဉ် လူထုဆက်သွယ်ရေး နည်းလမ်းများဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ သက်ဆိုင်ရာ စီးပွားရေး လုပ်ငန်းရှင်အပေါ် ထိခိုက်နစ်နာစေရန်ပြောဆိုခြင်း၊ ရေးသားခြင်းနှင့် ပြုမူခြင်း တို့ကို ရှောင်ကြဉ်ခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၇)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၂(က)(၁)(၂)(၄)၊ (ခ)(၁)(၄)(၆) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၆(က)(၁)(၂)(၄)၊ (ခ)(၁)(၂)(၄) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် - အခန်း(၈)၊ အပိုဒ် ၁၃(ခ)(၁)(၃)(၄)(၅)

အခန်း(၆)
စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့် တာဝန်များ

၇။ (ခ) စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(၁) စီးပွားရေးလုပ်ငန်းကို စီးပွားရေးကျင့်ဝတ်စည်းကမ်းနှင့်အညီ လုပ်ကိုင်ခြင်း၊

(၃) စားသုံးသူများကို ခွဲခြားမှုမရှိဘဲ ဖြောင့်မတ်မှန်ကန်စွာ ဆက်ဆံခြင်း၊

(၄) ရောင်းဝယ်သော သို့မဟုတ် ထုတ်လုပ်သော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု ကို သတ်မှတ်ထားသော စံချိန်စံညွှန်း၊ အရည်အသွေးများအပေါ် အခြေခံ၍ အာမခံချက် ပေးခြင်း၊

(၅) အရည်အသွေးစမ်းသပ်ရန် လိုအပ်သော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဝယ်ယူခြင်းမပြုမီ စားသုံးသူများအား စမ်းသပ်နိုင်သည့်အခွင့်အရေးပေးခြင်း ဟု ပြင်ဆင်ထားပါတယ်။

(၉) စားသုံးသူ အငြင်းပွားမှုကို သက်ဆိုင်ရာမှ ဖြေရှင်းနေစဉ် လူထုဆက်သွယ်ရေးနည်းလမ်းများဖြင့် ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ သက်ဆိုင်ရာ စားသုံးသူအပေါ် ထိခိုက်နစ်နာစေရန် ပြောဆိုခြင်း၊ ရေးသားခြင်းနှင့် ပြုမူခြင်းတို့ကို ရှောင်ကြဉ်ခြင်း ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၈)၊ အပိုဒ် ၁၃(ခ)(၁) (၃)(၄)(၅) ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အပိုဒ် ၇(ခ)(၁)(၃)(၄) (၅)(၉) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် - အခန်း(၉)၊ အပိုဒ် ၁၄(က)(ခ)(ဃ)(င)(ဇ)၊အပိုဒ် ၁၅(က)(ဂ)(စ)(ဆ)(ဇ)၊ အပိုဒ် ၁၆(ဂ)(င)(စ)(ဆ)၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၂၀(က)၊ အပိုဒ် ၂၁

အခန်း(၇)
စီးပွားရေးလုပ်ငန်းရှင်အတွက် တားမြစ်ချက်များ

၈။ စီးပွားရေးလုပ်ငန်းရှင်သည် အောက်ပါတို့ကို ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း၊ ဆောင်ရွက်ခြင်း မပြုရ -

(က) သက်ဆိုင်ရာ ကုန်စည်၏ သတင်းအချက်အလက် သို့မဟုတ် တံဆိပ်အမှတ်အသားပေါ်တွင် ဖော်ပြထားသော အခြေအနေ၊ အာမခံချက်၊ ထူးခြားချက်၊ အကျိုးသက်ရောက်မှု၊ အသားတင်အလေးချိန်၊ အသားတင်ထုထည်၊ စုစုပေါင်း ပမာဏ၊ အရည်အသွေး၊ အဆင့်အတန်း၊ ဖွဲ့စည်းပုံ၊ ပြုလုပ်ပုံနည်းလမ်း၊ ပုံစံတို့နှင့် ကိုက်ညီမှု မရှိသော ကုန်စည်၊

(ခ) တံဆိပ်အမှတ်အသားပါ အချက်အလက် သို့မဟုတ် ကြော်ငြာနှင့် အရောင်းမြှင့်တင်ရေးတို့တွင် ပါဝင်သော ဖော်ပြချက်တို့နှင့် ကိုက်ညီမှုမရှိသော ကုန်စည်၊

(ဂ) အမည်၊ အရွယ်အစား၊ အသားတင်အလေးချိန်၊ ထုထည်၊  ဖွဲ့စည်းပုံ၊ ညွှန်ကြားချက်၊ ထုတ်လုပ်သည့် ရက်စွဲနှင့် ထုတ်လုပ်သည့် အမှတ်စဉ်၊ နောက်ဆုံးသုံးစွဲရမည့် ရက်စွဲ၊ ဘေးထွက်ဆိုးကျိုး၊ ဓာတ်မတည့်ကြောင်း ဖော်ပြချက်၊ ထုတ်လုပ်သည့် ကုမ္ပဏီ အမည်နှင့် လိပ်စာ၊ ရောင်းချဖြန့်ဖြူးသူအမည်၊ အမှတ်တံဆိပ်၊ သတင်းအချက် အလက်နှင့် ကြိုတင်သတိပေးချက်တို့မပါရှိသော ကုန်စည်၊

(ဃ) သုံးစွဲပုံနှင့် ပတ်သက်သော သတင်း၊ အချက်အလက် သို့မဟုတ် ညွှန်ကြားချက်များကို ဗဟိုကော်မတီက သတ်မှတ်ထားသော နေ့ရက်မှစ၍ မြန်မာဘာသာဖြင့် ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြထားခြင်း မရှိသော ကုန်စည်၊

(ဆ) သက်ဆိုင်ရာ အဖွဲ့အစည်းက သိပ္ပံနည်းကျ သုတေသနပြု ဆောင်ရွက်ချက်၊ တွေ့ရှိချက် အထောက်အထားများ မရှိဘဲ ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ အာမခံ ချက်များ ဖော်ပြထားသည့် ကုန်စည် ဟု ပြင်ဆင်ထားပါတယ်။

(ဈ) သက်ဆိုင်ရာ ဝန်ဆောင်မှုနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်တွင် ဖော်ပြ ထားသော အခြေအနေ၊ အာမခံချက်၊ ထူးခြားချက်၊ ကာလသတ်မှတ်ချက်၊ အကျိုး သက်ရောက်မှုတို့နှင့် ကိုက်ညီမှုမရှိသော ဝန်ဆောင်မှု၊

(ည) ကြော်ငြာနှင့် အရောင်းမြှင့်တင်ရေးတို့တွင် ပါဝင်သော ဖော်ပြချက်တို့နှင့် ကိုက်ညီမှု မရှိသော ဝန်ဆောင်မှု ဟု ဖြည့်စွက်ထားပါတယ်။

၉။ စီးပွားရေးလုပ်ငန်းရှင်သည် အောက်ပါအခြေအနေများတွင် ဝယ်ယူသူ သို့မဟုတ် အသုံးပြုသူအား ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်၍ ရောင်းချရန် ကမ်းလှမ်းခြင်း သော်လည်းကောင်း၊ အရောင်းမြှင့်တင်ခြင်းသော်လည်းကောင်း၊ ကြော်ငြာခြင်းသော်လည်းကောင်း မပြုလုပ်ရ -

(က) ထုတ်ဖော်ညွှန်းဆိုထားသော အရည်အသွေး စံချိန်စံညွှန်း၊ ပုံစံ သို့မဟုတ် နည်းလမ်း၊ ထူးခြားသောလက္ခဏာ၊ အသုံးပြုမှုတို့နှင့် ကိုက်ညီမှုမရှိသည့် ဈေးနှုန်းလျှော့ပေး ထားသော ကုန်စည် သို့မဟုတ် အထူးဈေးနှုန်း သတ်မှတ်ထားသော ကုန်စည်ဖြစ်ခြင်း၊

(ဂ) အခြားကုမ္ပဏီ တစ်ခုခု၏ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ခိုင်မာသော ထောက်ပံ့ မှုနှင့် အာမခံမှု မပြုနိုင်ခြင်း၊

(စ) အခြားသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ချိုးနှိမ်ဖော်ပြခြင်း၊

(ဆ) သတင်းအချက်အလက် အပြည့်အစုံ ခိုင်မာမှုမရှိသော ချဲ့ကားဖော်ပြမှုများကို အသုံးပြုခြင်း၊

(ဇ) မသေချာ မရေရာသော ကတိကဝတ်ပြုမှုများဖြင့် ကမ်းလှမ်း၍ ရောင်းချသော သို့မဟုတ် ပေးအပ်သော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုဖြစ်ခြင်း၊

၁၀။ စီးပွားရေးလုပ်ငန်းရှင်သည် ရောင်းဝယ်မှုပြုလုပ်ရာတွင် စားသုံးသူအား အောက်ပါ အခြေအနေတစ်ခုခုဖြင့် လိမ်လည်လှည့်ဖြားမှု မပြုရ -

(ဂ) ကမ်းလှမ်းထားသော ကုန်စည်မဟုတ်ဘဲ အခြားကုန်စည်ကို အစားထိုးရောင်းချခြင်း၊

(ဃ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအား အရောင်းမြှင့်တင် ရောင်းချခြင်း မပြုလုပ်မီ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၏ ဈေးနှုန်းများကို တိုးမြှင့်ခြင်း၊

(င) နောက်ဆုံးသုံးစွဲရမည့် ရက်စွဲ ကျော်လွန်နေသော ကုန်စည်ကို ပြုပြင်မွမ်းမံ၍ ရောင်းချခြင်း၊ ရောနှောရောင်းချခြင်း၊

(စ) အမျိုးအစားတူ အရည်အသွေးနိမ့် ကုန်စည်ကို ရောနှောရောင်းချခြင်းနှင့် အမျိုးအစားမတူ စားသုံးရန်မသင့်သော ကုန်စည်ကို ရောနှောရောင်းချခြင်း။

၁၁။ စီးပွားရေးလုပ်ငန်းရှင်သည် မူလက ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို သတ်မှတ်ထားသော ကာလအတွင်း ရောင်းချရန် မရှိခြင်း သို့မဟုတ် ကမ်းလှမ်းထားသော၊ အရောင်းမြှင့်တင်ထားသော၊ ကြေညာထားသော ပမာဏ၊ အရေအတွက်အတိုင်း ရောင်းချရန် မရှိခြင်းတို့ ဖြစ်ပါလျက် ယင်းတို့ကို အချိန်ကာလတစ်ခုအတွင်း အထူးဈေးနှုန်းဖြင့် ရောင်းချရန်ကမ်းလှမ်းခြင်း၊ အရောင်းမြှင့်တင်ခြင်းနှင့် ကြေညာခြင်းတို့ မပြုရ။

၁၂။ စီးပွားရေးလုပ်ငန်းရှင်သည် အခြားကုန်စည်ကို ဆုကြေးအနေဖြင့် ပေးရန် သို့မဟုတ် အခမဲ့ ဝန်ဆောင်မှုပေးရန် ကတိပြုထားသော်လည်း အမှန်တကယ် ပေးအပ်နိုင်ခြင်း မရှိပါက ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရောင်းချရန် ကမ်းလှမ်းခြင်း၊ အရောင်းမြှင့်တင်ခြင်း သို့မဟုတ် ကြေညာခြင်း မပြုရ။

၁၄။ စီးပွားရေးလုပ်ငန်းရှင်သည် အောက်ပါ ကြော်ငြာအမျိုးအစားများကို ကြော်ငြာခြင်း မပြုလုပ်ရ -

(က) ကုန်စည်၏ အရည်အသွေး၊ အရေအတွက်၊ ကုန်စည်တွင် ပါဝင်သော ပစ္စည်းများ၊ ကုန်စည်အား အသုံးပြုပုံ၊ ကုန်စည်၏ ဈေးနှုန်း၊ ဝန်ဆောင်မှုနှုန်းထားနှင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ပေးအပ်နိုင်သည့်အချိန်တို့နှင့် စပ်လျဉ်း၍ စားသုံးသူများအား လိမ်လည်ထားသော ကြော်ငြာများ၊

၁၅။ စီးပွားရေး လုပ်ငန်းရှင် သို့မဟုတ် ကြော်ငြာလုပ်ငန်း ဆောင်ရွက်သူတို့သည် မိမိတို့ ကြော်ငြာ၏ အကျိုးဆက်များကို တာဝန်ယူရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၉)၊ အပိုဒ် ၁၄(က)(ခ)(ဃ)(င)(ဇ)၊ အပိုဒ် ၁၅(က)(ဂ)(စ)(ဆ)(ဇ)၊ အပိုဒ် ၁၆(ဂ)(င)(စ)(ဆ)၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၂၀(က)၊ အပိုဒ် ၂၁ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၈(က)(ခ)(ဂ)(ဃ) (ဆ)(ဈ)(ည)၊ အပိုဒ် ၉(က)(ဂ)(စ)(ဆ)(ဇ)၊ အပိုဒ် ၁၀(ဂ)(ဃ)(င)(စ)၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၄(က)၊ အပိုဒ် ၁၅ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက်- အခန်း(၅)၊ အပိုဒ် ၇(က)(ခ)၊ အပိုဒ် ၈(က)(ခ)(ဂ)

အခန်း(၈)

စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၆။ ဗဟိုကော်မတီသည် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက် နိုင်ရန်နှင့် စားသုံးသူများ၏ အငြင်းပွားမှုဆိုင်ရာကိစ္စများ ဖြေရှင်းနိုင်ရေးအတွက် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့များကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

၁၇။ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) စားသုံးသူ အငြင်းပွားမှုများကို မှန်ကန်စွာ စေ့စပ်ညှိနှိုင်းပေးခြင်း၊ ဖြေရှင်းပေးခြင်း၊

(ခ) စားသုံးသူ အကာအကွယ်ပေးရေးနှင့် စပ်လျဉ်းသော အသိပညာဗဟုသုတများကို စားသုံးသူအား ဖြန့်ဖြူးပေးခြင်း၊

(ဂ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ စားသုံးသူ၏ စာဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့်သော်လည်းကောင်း တိုင်ကြားမှုကို လက်ခံစစ်ဆေးပေးခြင်း ဟု ပြင်ဆင်ထားပါတယ်။

(ဃ) ဗဟိုကော်မတီက အခါအားလျော်စွာပေးအပ်သော တာဝန်များကို ဆောင်ရွက်ခြင်း ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၅)၊ အပိုဒ် ၇(က)(ခ)၊ အပိုဒ် ၈(က)(ခ)(ဂ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၈)၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇(က) (ခ) (ဂ)(ဃ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၁၀)၊ အပိုဒ် ၂၂(က)(ခ)(ဂ)(ဃ)(င)(စ)

အခန်း(၉)

စားသုံးသူ အငြင်းပွားမှုအား ဖြေရှင်းခြင်း

၁၈။ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့သည် စားသုံးသူ အငြင်းပွားမှုများကို ဖြေရှင်းရာတွင် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ဖောက်ဖျက်ကျူးလွန်သည် ဟု စွပ်စွဲခံရသော စီးပွားရေးလုပ်ငန်းရှင်ကို ခေါ်ယူစစ်ဆေးခြင်း၊

(ခ) စားသုံးသူအငြင်းပွားမှုကို သိရှိသော ပုဂ္ဂိုလ်၊ မျက်မြင်သက်သေများနှင့် ကျွမ်းကျင်သူတို့ကို ခေါ်ယူစစ်ဆေးခြင်း၊

(ဂ) စုံစမ်းစစ်ဆေးရာ၌ လိုအပ်သော စာရွက်စာတမ်းများနှင့် အခြားသက်သေခံပစ္စည်းများကို စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း၊

(ဃ) စားသုံးသူဘက်မှ ဆုံးရှုံးမှု ရှိ/မရှိ စစ်ဆေးခြင်းနှင့် ဆုံးဖြတ်ခြင်း၊

(င) စားသုံးသူ အငြင်းပွားမှုတွင် ကျူးလွန်ဖောက်ဖျက်သော စီးပွားရေးလုပ်ငန်းရှင်ကို စားသုံးသူအကာအကွယ်ပေးရေးနှင့် စပ်လျဉ်းသော ဆုံးဖြတ်ချက်ကို အသိပေးအကြောင်းကြားခြင်း၊

(စ) ပုဒ်မ ၈ ပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ပါက အရေးယူခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၂၂(က)(ခ)(ဂ)(ဃ)(င)(စ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၉)၊ အပိုဒ် ၁၈(က)(ခ)(ဂ)(ဃ)(င)(စ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် - အခန်း(၁၁)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၆(ဂ)(င)(စ)၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈

အခန်း(၁၀)

စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ အရေးယူပိုင်ခွင့်

၁၉။ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သည် စီးပွားရေးလုပ်ငန်းရှင် က ပုဒ်မ ၇၊ ပုဒ်မခွဲ(ခ) တွင် ဖော်ပြထားသည့် တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ပုဒ်မ ၈ တွင် ဖော်ပြထားသည့် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိပါက အောက်ပါ ပြစ်ဒဏ်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပိုသော ပြစ်ဒဏ်များကိုဖြစ်စေ ချမှတ်ရမည် -

(ဂ) လျော်ကြေးပေးစေခြင်းဟု ပြင်ဆင်ထားပါတယ်။

(ဃ) အငြင်းပွားလျက်ရှိသော ကုန်စည်ကို ရောင်းချဖြန့်ဖြူးခြင်းအား ကာလအကန့် အသတ်ဖြင့် တားမြစ်ခြင်းဟု ဖြည့်စွက်ထားပါတယ်။

(စ) စားသုံးသူတို့အား ဘေးဥပဒ်အန္တရာယ် ဖြစ်စေနိုင်သော ကုန်စည်များကို ဖျက်ဆီး စေခြင်း၊

(ဆ) လုပ်ငန်းလိုင်စင် ယာယီပိတ်သိမ်းခြင်း သို့မဟုတ် အမြဲတမ်း ပိတ်သိမ်းခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်ပါက သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

၂၀။ ပုဒ်မ ၁၉ ပါ အရေးယူဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ချမှတ်သည့် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဗဟိုကော်မတီသို့ အယူခံဝင်ရောက်နိုင်သည်။

၂၁။ ဗဟိုကော်မတီသည် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့က ချမှတ်သော ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည် ဟု ပြင်ဆင်ထားပါတယ်။

၂၂။ ဦးစီးဌာနသည် ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ချမှတ်ထားသော အမိန့်အရ လျော်ကြေးပေးဆောင်ရန် ပျက်ကွက်သူအပေါ် ဝင်ငွေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရ ကောက်ခံခွင့် ရှိသည်။ ထိုသို့ ကောက်ခံရာတွင် သင့်လျော်သော အရာရှိတစ်ဦးဦးကို ကော်လိတ်တော်အရာရှိအဖြစ် ခန့်အပ်တာဝန်ပေးနိုင်သည် ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၁)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၆(ဂ)(င)(စ)၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၀)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၉ (ဂ)(ဃ)(စ)(ဆ)၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် - အခန်း(၁၂)၊ အပိုဒ် ၂၉၊ ၃၀

အခန်း(၁၁)

ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၃။ မည်သည့် စီးပွားရေးလုပ်ငန်းရှင်မဆို ပုဒ်မ ၉၊ ပုဒ်မ ၁၀၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၂၊ ပုဒ်မ ၁၃ သို့မဟုတ် ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ်ထက် မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၂၄။ ပုဒ်မ ၂၃ အရ ပြစ်ဒဏ်ကျခံစေရကာမူ စားသုံးသူသည် မိမိ၏ နစ်နာမှုအတွက် တရားမကြောင်းအရလည်း တရားစွဲဆိုနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၂)၊ အပိုဒ် ၂၉၊ ၃၀ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၁)၊ အပိုဒ် ၂၃၊ ၂၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် - အခန်း(၁၃)၊ အပိုဒ် ၃၁၊ ၃၂၊ ၃၃၊ ၃၄(ခ)

အခန်း(၁၂)

အထွေထွေ

၂၅။ ကုန်စည်ရောင်းချသူသည် ဝယ်ယူသည့် ကုန်စည်အတွက် ဝယ်ယူသူအား ပြေစာပေးအပ်ရမည်။ ပြေစာတွင် ဝယ်ယူသူ လိပ်စာ၊ အမည်၊ ဝယ်ယူသည့်နေ့စွဲ၊ ဝယ်ယူသည့် ပစ္စည်းအမျိုးအမည်၊ အရေအတွက်၊ ပစ္စည်းတစ်ခုချင်းအတွက် ကျသင့်ငွေပမာဏ၊ အခွန်ကဲ့သို့သော သီးခြားဖော်ပြချက် အပါအဝင် စုစုပေါင်းကျသင့်ငွေ ပမာဏ၊ ကုန်စည်မော်ဒယ်နံပါတ်၊ ထုတ်လုပ်သည့်နေရာဒေသနှင့် သက်ဆိုင်ရာက သတ်မှတ်ထားသော အခြားအချက်အလက်များ ပါဝင်ရမည် ဟု ပြင်ဆင်ထားပါတယ်။

၂၆။ စီးပွားရေးလုပ်ငန်းရှင်သည် ပုဒ်မ ၉ ပါ ထင်ယောင်ထင်မှား ဖြစ်စေရန် ရည်ရွယ်ချက်မရှိကြောင်း သက်သေပြရန် တာဝန်ရှိသည် ဟု ဖြည့်စွက်ထားပါတယ်။

၂၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဤဥပဒေနှင့် အညီသာလျှင် ဆောင်ရွက်ရမည်၊

၂၈။ ဗဟိုကော်မတီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအတွက် စံချိန်စံညွှန်းများကို သီးခြား ကျွမ်းကျင်မှုအဖွဲ့များ ဖွဲ့စည်း၍ဖြစ်စေ၊ သက်ဆိုင်ရာ တည်ဆဲဥပဒေများအရ ခန့်အပ်တာဝန်ပေးထားသော စစ်ဆေးရေးအဖွဲ့အစည်းများ၊ ဖွဲ့စည်း တည်ထောင်ထားသော ဓာတ်ခွဲခန်းများအား ရွေးချယ်သတ်မှတ်၍ဖြစ်စေ ဆောင်ရွက်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

၂၉။ (က) ဗဟိုကော်မတီသည် ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ မရှိ ဓာတ်ခွဲစမ်းသပ် စစ်ဆေးသည့်ဌာနနှင့် အဖွဲ့အစည်းများကို အသိအမှတ် ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ဗဟိုကော်မတီကအသိအမှတ်ပြုသော ဌာနနှင့် အဖွဲ့အစည်းတစ်ခုခု၏ ဓာတ်ခွဲစမ်းသပ် စစ်ဆေးချက် သည် သက်သေခံချက် ဖြစ်စေရမည်။

၃၀။ စားသုံးသူအငြင်းပွားမှုများကို ဆုံးဖြတ်ဖြေရှင်းဆောင်ရွက်ရာတွင် လိုအပ်ပါက တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းထားသော အစိုးရမဟုတ်သော စားသုံးသူ အကာအကွယ်ပေးရေး အသင်းအဖွဲ့များနှင့် ပူးပေါင်း၍ အကြံဉာဏ်များကို ရယူဆောင်ရွက်နိုင်သည် ဟု ဖြည့်စွက်ထားပါတယ်။

၃၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(ခ) ဝန်ကြီးဌာန၊ ဗဟိုကော်မတီနှင့် ဦးစီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၃)၊ အပိုဒ် ၃၁၊ ၃၂၊ ၃၃၊ ၃၄(ခ) ပြင်ဆင်ဖြည့်စွက်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက် အခန်း(၁၂)၊ အပိုဒ် ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ အပိုဒ် ၂၉(က)(ခ)၊ အပိုဒ် ၃၀၊ ၃၁(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၃၁ တို့သည် ဤဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၃၁ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခု အဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၂း၂၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ (ခ)အရ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၂၅။**

**ဒေါက်တာပွင့်ဆန်း (ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြပါသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့ရင်း ဂါရဝပြုနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ပြည်ထောင်စုအစိုးရ အဖွဲ့ရဲ့ကိုယ်စား ကျွန်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း က စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေကြမ်းအား အတည်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ထံမှာ အဆိုတင်သွင်းမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနေနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်တာနဲ့အညီ အာဆီယံစီးပွားရေးအသိုက်အဝန်းအောက်မှာ ပါဝင်တဲ့ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းကို ၂၀၁၅ ခုနှစ်အတိုင်မီ အပြည့်အဝကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးအတွက် လိုအပ်လာတဲ့အတွက် ပြင်ဆင်ရေးဆွဲထားတဲ့ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၂၆။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၂၆။**

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီးက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကြမ်းကို အတည်ပြုရန် အဆို တင်သွင်းခြင်းကို ကျွန်တော် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆွေအောင် မှ ထောက်ခံပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၂း၂၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၃)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့်(၁၄)ရက်မြောက်နေ့အစည်းအဝေးဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၂၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၁၂း၂၈ နာရီအချိန်တွင် ရပ်နားပါသည်။]